
# အင်္ဂလိပ်တွေ နှုတ်ကျိုးနေတဲ့ဗမာပြည်

BURMA by John L. Christian

ကောင်းသာ

မြန်မာပြန်



mgyoe.com


# အင်္ဂလိပ်တွေ နှုတ်ကျိုးနေတဲ့ဗမာပြည်

## BURMA by John L. Christian

ကောင်းသာ

မြန်မာပြန်

၁၉၄၅ ခုနှစ်ထုတ် စာအုပ်ကို ပြန်ဆိုထားခြင်းဖြစ်၍
ထိုစာအုပ်ပါ အသုံးအနှုန်းများအတိုင်းသာ ထားရှိပြီး
ပြုပြင်ပြင်ဆင်ထားခြင်း မရှိပါ။



KGT0060
2,200.00 KS

mgyoe.com

အင်္ဂလိပ်တွေနှုတ်ကျိုးနေတဲ့မဟာပြည်၊ ကောင်းသာ
စာမျက်နှာ ၂၀၀+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အင်္ဂလိပ်တွေနှုတ်ကျိုးနေတဲ့ ဗမာပြည်

# BURMA

## John L. Christian

## ကောင်းသာ

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | – ထုတ်ဝေသူရဲ့ မှတ်စု | က |
| | – အမှာစာ | ခ |
| | – ရုပ်ပုံများရဲ့ စာရင်း | ဇ |
| အခန်း ၁။ | ဗမာပြည်–အိန္ဒိယပြည်နဲ့ တရုတ်တို့ တွေ့ဆုံရာနေရာ | ၁ |
| အခန်း ၂။ | ဗမာပြည်–တိုင်းပြည်တစ်ခု | ၁၁ |
| အခန်း ၃။ | ဧရာဝတီ–ကျောက်မျက်ရတနာမြစ်ကြီး | ၂၀ |
| အခန်း ၄။ | ဗမာလူမျိုး–အရှေ့တိုင်းရဲ့ အိုင်းရစ်လူမျိုး | ၂၈ |
| အခန်း ၅။ | ဗမာ့သမိုင်း–အတိတ်ရဲ့ပွဲလမ်းသဘင် အခမ်းအနား | ၃၈ |
| အခန်း ၆။ | ဗုဒ္ဓဘာသာ–မဟာငြိမ်းချမ်းရေး | ၅၀ |
| အခန်း ၇။ | ဗမာအမျိုးသမီးများ–အိပ်မက်မက်သူများရဲ့ သမီးပျိုများ | ၆၁ |
| အခန်း ၈။ | ရွှေ့ပြောင်းအခြေချလာကြသူများ– တိုင်းပြည်ထဲမှ သူစိမ်းတရုံဆံများ | ၇၄ |
| အခန်း ၉။ | ရန်ကုန်–မရပ်မနား မငြိမ်ချမ်းနေတဲ့ မြို့တော် | ၈၁ |
| အခန်း ၁၀။ | ရှမ်းပြည်နယ်များ–နောက်ဘက်ကို လွန်၍ | ၈၇ |


mgyoe.com

mgyoe.com

အခန်း ၁၁။ "ဘာတီနွား" – (စိတ်ဒုက္ခပေးသူများ)
ကိုလိုနီနယ်ချဲ့ဝါဒီများ ၁၀၀
အခန်း ၁၂။ နိုင်ငံရေး–ခါတိုင်းကဲ့သို့ ၁၀၇
အခန်း ၁၃။ ဗမာ့လမ်းမကြီး–ယရပ်ကားများရဲ့သချိုင်း ၁၁၅
အခန်း ၁၄။ ဗမာပြည်သိမ်းပိုက်ရေး–နည်းလွန်း
နောက်ကျလွန်းနေပြီ ၁၂၃
အခန်း ၁၅။ ဂျပန်လက်ထက်ဗမာပြည်–သာတူညီမျှ
ကောင်းစားရေး ၁၃၆
အခန်း ၁၆။ ဝင်းဂိတ်ရဲ့ စူးစမ်းရှာဖွေရေး–အောင်ပွဲရဲ့
အစောင့်အကြပ် ၁၅၂
အခန်း ၁၇။ စစ်ပြီးခေတ် ဗမာပြည် ၁၆၈
၁၈။ နိဂုံးချုပ် ၁၈၀

## နောက်ဆက်တွဲများ

၁။ မေဂျာဂျင်နရယ်ဝင်းဂိတ်ရဲ့ တစ်နေ့တာ တပ်ထွက်
မိန့်ခွန်း ၁၈၅
၂။ ဗမာ့ဝေါဟာရများ ၁၈၇
၃။ ဗမာကဗျာများနဲ့ စကားပြေအရေးအသားများ ၁၉၀
– သံသရာ ၁၉၂
*TRANSLATION OF BURMESE SONGS*
G.E.N Grant Brown L.CS
– A Lover's Lament ၁၉၇
– In the Forest ၁၉၈
– Love-Ditty ၁၉၉

mgyoe.com

mgyoe.com

## ထုတ်ဝေသူရဲ့ မှတ်စု

ဒီစာအုပ်ကို ပုံနှိပ်နေစဉ် အတောအတွင်း လက်ခံရရှိလာသော သတင်းများအရ၊ ဒီစာအုပ်ရေးသူမှာ အလုပ်လုပ်ရင်း ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း သိရပါတယ်။ သူချစ်သော ဗမာပြည်ကို ချစ်မြတ်နိုးရင်း "ပွန်အယ်လ်ခရစ္စတီယန်" မှာ ခေတ်သစ်ဗမာပြည်နဲ့ ပတ်သက်၍ များစွာသော ဗဟုသုတများကို ရယူစုဆောင်းလျက်။ သူ့ကို ဆုံးရှုံးလိုက်ရခြင်းကို ဒီအဝန်းအဝိုင်းနဲ့ အခြားသော အဝန်းအဝိုင်းများပါ ဆိုးဆိုးဝါးဝါး စိတ်ထိခိုက်ခံစားကြရပါကြောင်း။

အိန္ဒိယ၊ ဘုံဘေမှာ ပုံနှိပ်သည်
၁၁၊ ၉၊ ၂၀၁၆
နေ့စွဲရေးသည်



mgyoe.com

mgyoe.com

## အမှာစာ

ဒုက္ခသုက္ခတွေများလှတဲ့ ကာလမှာ ဒီစာအုပ်ကို စရေးပြီး လက်စသတ်ခဲ့ပါတယ်။ ပထမမူကြမ်းကို အမေရိကန်ပြည်မှာရေးပြီး ကျန်တဲ့ အပိုင်းတွေကို အိန္ဒိယနဲ့ သီဟိုဠ်တို့မှာ ထူးခြားတဲ့ ညနေဘက်များနဲ့ စနေ၊ တနင်္ဂနွေရက်တွေမှာ ရေးပြီးခဲ့ပါတယ်။

ကျွန်တော့်ရဲ့ 'ခေတ်သစ်ဗမာပြည်' ထက် လေးနက်စွာ ဂရုပြုမှု လျော့နည်းသလိုရှိတဲ့ ကြိုးပမ်းမှု တစ်ခုကို ယေဘုယျစာဖတ်သူများအတွက် လုပ်ပေးခဲ့ပါတယ်။ ဗမာ့လှုပ်ရှားမှုအကြောင်း အမှတ်တရဖြစ်ဖွယ် စာအုပ်များစွာ ထွက်ပေါ်ခဲ့ပါတယ်။ ဒါတွေက ခြွင်းချက်မရှိ၊ သတင်းစာပညာဆန်ဆန်ကျလို့ ထင်ရှားကျော်ကြားခဲ့ပါတယ်။ သတင်းထောက်က ဗမာပြည်ရဲ့လမ်းမတွေတစ်လျှောက် သုတ်ခြေတင်ခဲ့တာ အထင်အရှားဖြစ်ပြီး နောက်ကျောလည်ကုပ်အထက်၊ နဂါးကြီးရဲ့ အသက်ရှူသံ ပူလောင်ပြင်းပြစွာနဲ့ပဲ ဗမာပြည်ထဲ ဂျပန်ဖက်ဆစ်တွေ

mgyoe.com

mgyoe.com



ကျူးကျော်ဝင်ရောက် အောင်ပွဲခံခဲ့တဲ့ အမှတ်တရတွေက စာသင်သားတွေရဲ့ ပညာတော်သင် သုတေသနပြုမှု မှတ်တမ်းမှတ်ရာတွေထက်တောင် ပိုရှင်သန် လေးနက်နိုင်သေးတယ်။ ဒါပေမဲ့ သတင်းထောက်က မော်လမြိုင်၊ ပဲခူးကနေ ချင်းတွင်းအထိ ထန်းပင်ကျရည်တွေ နောက်ကွယ်က ရန်ငြိုးကြီးတဲ့ ဗမာတွေကို ရင်ဆိုင်ခဲ့ရတဲ့ ဂျပန်တွေရဲ့ စွမ်းအားနဲ့ အရေအတွက်တွေကို ပိုကဲသာလွန်စွာ ခန့်မှန်းခဲ့ပုံရပါတယ်။ စပ်စုစွာ ဂျပန်ကျူးကျော်မှုအကြောင်း စာအုပ်ရေးခဲ့သမျှ အနက် ယခု စာအုပ်က "ဂရိတန်ဂရိယာရီ" ရဲ့ "အောင်ပွဲအပြီး ဗမာပြည်" နဲ့ "မေဂျာအက်ဒမန်ချားဘရောင်းနိ" ရဲ့ "ကြီးမြတ်သော ဘုရင်မကြီး လာပြီ။" စာအုပ် ၂ အုပ်ရဲ့ စစ်မှန်တဲ့ ဘက်စုံအမြင်တွေ ခံစားချက် နက်ရှိုင်းတာချင်း တူညီနေပါတယ်။ ၁၈၈၅ ခု အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲအပြီးကစပြီး ရေးသားခဲ့တဲ့ ဒီစာတွဲတွေက ဗမာ့စရိုက် သဘာဝတွေနဲ့ လူဖြူတွေအပေါ်ထားတဲ့ သဘောထားတွေကို ပုံမှန်မဟုတ်တဲ့ ထိုးထွင်းမြင်မှုတွေ ပေးပါတယ်။ ဒီသဘောထားတွေက အနှစ်ငါးဆယ်အတွင်း အံ့ဩလောက်စရာ နည်းနည်းတော့ ပြောင်းလဲခဲ့တယ်။

ဂျပန်တို့ ရောက်မလာခင်ကတည်းက မျှော့တွေ၊ မိကျောင်းတွေနဲ့ အထင်ကရ ယဉ်ပါးခဲ့တဲ့ ဗမာပြည်ဟာ လွတ်လပ်စွာ နေထိုင်ပြီး လှပစွာ ပျင်းရိလေးကန် နွေးကွေးနေတတ်ကြတဲ့ ကုသိုလ်ကောင်းတဲ့ ရေမြေ ဖြစ်ပါတယ်။ လက်တွေ့အားဖြင့်တော့ ဗမာပြည်ဟာ ပြီးပြည့်စုံတဲ့ တိုင်းပြည်ပုံစံမျိုးမနေခဲ့ရတဲ့အပြင် လက်ရှိရာစုနှစ်ထဲ ဝင်တော့မယ့်

mgyoe.com

mgyoe.com



နောက်ဆုံး စိမ်းလန်းတဲ့ နေ့ရက်တွေမှာ ကျော်ကြားထင်ရှားလှ စွာ အနောက်တိုင်းသားတွေနဲ့ စစ်တွေ ဆင်ခဲ့ရတယ်။ ကျွန်တော်ဟာ ၁၉၂၇ ခုကနေ ၁၉၃၅ ခုအထိ ဗမာပြည်ကို ရင်းရင်းနှီးနှီး သိခဲ့ပြီး လက်ရှိ ဒုတိယကမ္ဘာစစ်ကြီး အတွင်း ဖုံးကြဲလေယာဥ်နဲ့ ဗမာပြည်ထဲ ပြန်ရောက်ခဲ့တယ်။

ဗမာ့စာပေရဲ့ နမူနာကောင်းတွေအဖြစ် နောက်ဆက်တွဲမှာ ပါဝင်တဲ့အတိုင်း ဗမာ့စကားပြေနဲ့ ကဗျာ လက်ရွေးစင် တချို့ကို တွေ့ရပါလိမ့်မယ်။ ဒီဗဟုသုတတွေက ဗမာစာပေ နယ်က ဦးဖေမောင်တင်ရဲ့ အကြံပေးချက်အရဖြစ်ပြီး သူက အင်္ဂလိပ်လိုရော ဗမာလိုပါ စာရေးကောင်းသူ ဖြစ်ပါတယ်။ "သိန်းတင်" (ကလောင်နာမည်အရ ဗမာတွေက "ညိုမြ" လို့ သိထားကြတဲ့) က ကမ္ဘာစစ်ဘေးဒဏ်ကြောင့် အခြား ဗမာတွေ ဒါဇင်ဝက်နဲ့အတူ အမေရိကန် ကမ်းခြေပေါ် ပစ်ချ ခံရတယ်။ အင်္ဂလိပ်ရဲ့ ပညာတော်သင်အဖြစ် အင်္ဂလန်ကို စရောက်ပြီးမှ နောက်ပိုင်းမှာ သတင်းစာပညာ 'M.S' ဒီဂရီကို အမေရိကန်မှာ သွားတက်ပြီး လက်ခံရခဲ့တယ်။ ကျွန်တော့်ရဲ့ သား "ဝင်းစလိုး" က "ညိုမြ" ဟာ ဗမာ 'လင်ယုတန်' ကဲ့သို့ အစွမ်းအစရှိလာအောင် မြေတောင်မြှောက်ပေးသင့် တယ်လို့ အကြံပေးခဲ့တာကိုပဲ ကျွန်တော် ကျေးဇူးဆပ်ရပါဦး မယ်။

အမေရိကန်စစ်ရုံး သတင်းဌာနက "ဂျော့ချ်၊ အီး၊ စောလား" ကလည်း ဒီစာအုပ်ရေးဖို့ အကြံပေးပြီး လိုအပ် သမျှ အရာရာ ပြီးမြောက်အောင် အားပေးပါတယ်။ ဗြိတိန် သားတွေ ဗမာတွေနဲ့ ဗမာအစိုးရနဲ့ ဆက်စပ်နေသူ လူမြောက်

mgyoe.com

mgyoe.com



မြားစွာက ဒီစာအုပ် လက်ရေးမူတွေကို နယူးဒေလီနဲ့ ဆင်းမလားမှာ အထောက်အပံ့တွေ ရတဲ့ အကြံပေးချက်တွေ လုပ်ခဲ့ကြတယ်။

ဒီစာအုပ်ထဲက ဓာတ်ပုံတွေကို လေတပ် "မာရှယ်ဆာဖီးလစ်ဂျူ ဘာ့ဒီလာဖတ်"၊ 'လက်ဖတင်နင် ကာနယ်အိုင်ဗင်အက်ရှား' နဲ့ ဗမာ့အစိုးရ ပြည်သူ့ဆက်ဆံရေး အရာရှိ "ဂျော့ချ်အက်ပယ်တန်" တို့က ကျေးဇူးပြုပါတယ်။ ဒီဓာတ်ပုံတွေ အများစုကို အရှေ့တောင်အာရှ စစ်ဦးစီးချုပ်ရုံးက ရိုက်ကူးခဲ့တာတွေ ဖြစ်ပါတယ်။ စာအုပ် နောက်ကျောဖုံးအတွင်း ကပ်စာရွက်ခေါက် ဂျက်ကက်နဲ့ မြေပုံ ၃ ပုံကိုတော့ "ဆာဂျင်အီးဝပ်" က လုပ်ပေးပါတယ်။ နောက်ဆုံး ကျွန်တော် ကျေးဇူးတင်ရမှာကတော့ စစ်တပ် ပြည်သူ့ဆက်ဆံရေး ဗျူရို့ ကရေစီ စာအုပ်မှာ ပါဝင်တာမှန်သမျှ အပေါ်မှာ ဘာတာဝန်ရှိမှုမှ မသတ်မှတ်တဲ့ လိုအပ်တဲ့ ကင်းရှင်းကြောင်း ခွင့်ပြုချက် ထုတ်ပေးတာပဲ ဖြစ်တယ်။

**J.L.C.**

'ကင်ဒီ'၊ သီဟိုဠ်၊ ၁၉၄၅။

❒

mgyoe.com

mgyoe.com

သို့ . . .
"ဘာနုစ်မက်လာဖာတီခရစ္စတီယန်"
"ကောင်းစွာသိနားလည်ပေးသည့်
ကြင်နာထောက်ထား ရိုင်းပင်းမှုအတွက်။"

mgyoe.com

mgyoe.com

ခေါင်းစဉ်တစ်ဝက်ရဲ့ တံဆိပ်တော်နဲ့ နောက်ကျောမှ ဂျက်ကက်ပုံများကို ဗမာရဲ့ တရားဝင် တံဆိပ်တော်အဖြစ် အသိအမှတ်ပြုပါတယ်။

စာမျက်နှာ ၁၄၆ မှ တံဆိပ်က "ဒေါက်တာ ဗမော်"(ဂျပန်လက်ထက် ရုပ်သေးအာဏာရှင် လုပ်ခဲ့သူ) ၏ တံဆိပ် ဖြစ်တယ်။ ဗမာစာလုံး အက္ခရာများဖြင့် တွေ့ရမယ်။

"တစ်သွေး၊ တစ်သံ၊ တစ်မိန့်" ဟူသော
'ဒေါက်တာဗမော်' ရဲ့ ဆောင်ပုဒ် ဖြစ်ပါကြောင်း။

❐

mgyoe.com

mgyoe.com

## ရုပ်ပုံများရဲ့ စာရင်း


၁။ ရန်ကုန်ရွှေတိဂုံဘုရား။

၂။ ဗမာ–အာသံနယ်စပ်။

၃။ ဗမာပြည်ရဲ့အရွယ်အစားကို ဗြိတိသျှကျွန်းစု၊ အမေရိကန်ပြည်ထောင်စုတို့နဲ့ နှိုင်းယှဉ်စပ်ထားပုံ။ ၉၅

၄။ ဗမာပြည်ရဲ့ လမ်းမကြီးများ။ ၉၆

၅။ ဗမာပြည်၊ ဘင်္ဂလားနဲ့ အာသံနယ်တို့မြေပုံ။ ၁၄၄

၆။ ဒေါက်တာဗမော်။ ၁၄၅

၇။ လော့မောင့်ဘက်တန် ဂေါ်ရခါးများအား စစ်ဆေးနေပုံ။ ၁၆၅

၈။ မဏိပူရပြည်နယ်တောင်ပိုင်း အိန္ဒိယ–မြန်မာ နယ်စပ်မှာ နေထိုင်ကြတဲ့ ချင်းလူမျိုးများ အုပ်စုတစ်စု။ ၁၆၅

၉။ ရခိုင်တိုင်းပြည်။ ၁၆၆

၁၀။ ဂျင်နရယ်ဝင်းဂိတ်နဲ့ အနောက်အာဖရိကန်များ။ ၁၆၆

၁၁။ ဗမာပြည်ရဲ့ ပုံစံတကျမြေပုံ။ } စာအုပ်အဆုံး ၂၀၀

၁၂။ ဗမာပြည်နဲ့ အနီးတစ်ဝိုက်ရှိ နိုင်ငံများ။ } စာအုပ်အဆုံး ၂၀၀


mgyoe.com

mgyoe.com

## အခန်း (၁)
## ဗမာပြည်-အိန္ဒိယနဲ့ တရုတ်တို့ တွေ့ဆုံရာနေရာ

"ဗမာပြည်။ ဗန်းမော်မှ ပင်လယ်ပြင်အထိ ပိုနီးသော ရှမ်းပြည်နယ်နဲ့ ရခိုင်မြောက်ပိုင်း၊ တနင်္သာရီမြောက်ပိုင်းများ ပါဝင်သော ဧရာဝတီတောင်ကြားဒေသကို ခေါ်သည်"

*"ဂျီ၊ အီး၊ ဟာဗေး"*

ဗြိတိန်က ဗမာ့နယ်ပယ်ကို ၁၈၂၆ ခု ကျူးကျော်သိမ်းပိုက်တွဲဆက်လိုက်ပြီးနောက် ရာစုနှစ်တစ်ခုကျော်လာချိန် အိန္ဒိယအင်ပိုင်ယာရဲ့ စင်ဒရဲလားအဖြစ် သတ်မှတ်ကြသော "ဘုရားစေတီများ၏နယ်မြေ" မှာ ဆန်စပါး၊ ရေနံ၊ ကျွန်းသစ်နဲ့ အင်ပိုင်ယာရဲ့လုပ်ငန်းအားလုံးမှာ အသုံးဝင်စေမှုမြောက်မြားစွာ ပင်မမူလအားဖြင့် ပေးပါတယ်။ ဘင်္ဂလားပင်လယ်အော်ရဲ့ အရှေ့ဘက်ကမ်းရိုးတန်းကို နောက်ခံပြုထားတဲ့ တိတ်ဆိတ်သော ပြီးပြည့်စုံတဲ့ 'အာကာဒီးယန်း' နယ်မြေမျိုးဖြစ်တဲ့ ဗမာပြည်မှာ အရေးပေါ်အချက်ပေးသံများမှ ဖယ်ရှားပြီး စစ်နဲ့ ဝေးကွာနေခဲ့ရတယ်။ အိန္ဒိယသမုဒ္ဒရာမှာ အငြင်းပွားမှုမရှိ။ ကြီးစိုးခဲ့တဲ့ ဗြိတိန်ရဲ့ ကမ်းရိုးတန်း

mgyoe.com

mgyoe.com

ခရိုင်နယ်အဖြစ် ကာကွယ်ထားခဲ့တဲ့ ယင်းရဲ့မြောက်ဘက်နဲ့ အရှေ့ဖျား နယ်ခြားဒေသဖြစ်တဲ့ ဗမာပြည်ဟာ ငှက်ဖျားထူထပ်ရာ တောင်ကုန်းလျှို မြောင်းတွေပေါများလှလို့ "ဆာဂျော့ချ်ဂိုက်" သရုပ်ဖော်တဲ့ "ဇရာမ စစ်ရေး အတားအဆီးဒေသတစ်ခု" ဖြစ်နေပါတယ်။

ဗမာတွေက သူတို့ရဲ့နှစ်ခြိုက်စရာ ပိုးသားအရှေ့နယ်ကို "ရွှေပြည် တော်" ရွှေရောင်တိုင်းပြည်လို့ ခေါ်ကြတယ်။ စပါးလယ်ကွင်းတွေက မေလ၊ အောက်တိုဘာလအထိ စိမ်းလန်းစိုပြည်နေရာက စပါးတွေသီး လာတဲ့ နိုဝင်ဘာလမှာ ဒီလယ်ကွင်းတွေက ရွှေဝါရောင်တွေလွှမ်းလာတဲ့ အတွက် ဧရာဝတီမြစ်ဝကျွန်းပေါ် အေးတစ်ခွင်ရွှေအိုရောင်စစ်စစ်ဖြစ်လာ တယ်။ ဗန်းမော်ကနေ တရုတ်နယ်စပ်ဗစ်တိုးရီးယားပွိုင့်အထိ၊ မိုင်လေး ရာအတွင်း ဗမာ့ကျေးလက်တောရွာတိုင်းမှာ တွေ့ရမှာတွေကတော့ ရွှေ ရောင်တဝင်းဝင်း ဘုရားပုထိုးစေတီတွေ၊ ဘုန်းတော်ကြီးကျောင်းတွေမှာ မနက်စောစော အရုဏ်တက်ချိန်မှာ သင်္ကန်းဝတ်ဘုန်းကြီးတွေ ရွာစဉ် အနှံ့ ဆွမ်းခံကြွနေတဲ့ ရှုခင်းပါပဲ။

လူတစ်ယောက်ရဲ့ဘဝမှာ တစ်သက်တစ်ခါသာရနိုင်တဲ့အတွေ့ အကြုံတွေကြားမှာ ရန်ကုန်ကိုမြစ်ကြောင်းနဲ့ ပထမဆုံးအကြိမ်ချဉ်းကပ် လာနေခိုက် ပျော်မွေ့ဖွယ်ခံစားမှုပဲ ဖြစ်တယ်။ သင်္ဘောမာလိန်မှူးက သင်္ဘောဦးဆင်ဦးကင်းထိပ်က ကုန်းဘောင်ထိုးကမ်းကပ်လိုက်စဉ် ခရီး သည်က ဗမာပြည်ဆိပ်ကမ်းကို ပထမဆုံး ဖျတ်ခနဲ ကြည့်မိတယ်။ ညဘက် ငါးဖမ်းပြီးလို့ အိမ်ပြန်လာတဲ့ တံငါသည်တွေကို ခပ်ဝေးဝေးမှာ မြင်ရလျက် ရွံ့နွံထဲလူးနေကြတဲ့ ကျွဲတွေကိုလည်း ရန်ကုန်မြစ်ကမ်းခြေ ရွံ့တောတွေမှာ တွေ့နေရတယ်။ သင်္ဘောရန်ကုန်ကိုကပ်လာစဉ်ကတည်း က ပထမအသက်ရှူမှားလောက်ဖွယ် ရှုခင်းကတော့ ခမ်းနားတင့်တယ် ကျက်သရေရှိလှတဲ့ ပေပေါင်း ၃၆၈ ပေအမြင့်ရှိ ရွှေအတိ ကျောက်မျက်

mgyoe.com

ရတနာပေါင်းစုံဖုံးလွှမ်းနေတဲ့ ရွှေတိဂုံဘုရားကို ဗုဒ္ဓဘာသာလောကတစ်ခွင်လုံး အမွန်မြတ်ဆုံး ကုသိုလ်တော်အဖြစ် ဖူးမြော်ရခြင်းပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အမြင့်ဆုံးတောင်ကုန်းထိပ်မှာ တည်ထားတဲ့ ရွှေတိဂုံစေတီတော်ကြီးက အရပ်ရှစ်မျက်နှာ မိုင် ၂၀ ကျော်အကွာကပင် ဖူးမြင်ရပြီး ညဘက်မီးရောင်အောက်ထိန်ထိန်ဝင်းနေပြီး နေ့ဘက်မှာ နေရောင်အောက်မှာ ရွှေရောင်တွေတလက်လက်တောက်ပနေတော့တယ်။

သူ့ကို ချစ်မြတ်နိုးပြီး ကောင်းစွာ နားလည်ထားသူတွေအတွက် ဗမာပြည်က အမြဲပဲ ကြာပန်းတွေ သက်တံ့တွေရဲ့ နယ်မြေဖြစ်နေခဲ့ပြီး အခုတော့ နိပွန်တွေအုံနဲ့ ကျင်းနဲ့ ကျူးကျော်သိမ်းပိုက်တာကို နက်နက်ရှိုင်းရှိုင်းခံနေရပါတယ်။ "ထရိုက်ရှကေ" ရဲ့ လှပတဲ့စကားလုံးတွေအရ "လူဆိုတာ သူချစ်မြတ်နိုးသော အရာကို နားလည်သဘောပေါက်နိုင်တယ်" ဆိုသလိုပင် အရှေ့ဖျားက ဒီဗမာပြည်ကို နားလည်မှုလွဲမှားခဲ့ခြင်းမှာ မျိုးရိုးဗီဇအကြောင်းရင်းတွေပါနိုင်ပါတယ်။ ဗမာပြည်ဌာနေမှန်ရင် ဗမာတို့ရဲ့ ထူးချွန်လှတဲ့အရည်အသွေးများစွာကို အသိအမှတ်ပြုတတ်ကြတာချည်းပါပဲ။ ဗမာတွေရဲ့ နေအိမ်တွေထဲ သက်သောင့်သက်သာ သွားလည်ပတ်ရင်း ဗမာ ရှေးလူကြီး သက်ကြီးရွယ်အိုတွေနဲ့ မိတ်ဖြစ်ဆွေဖြစ် စကားစမြည် ပြောကြည့်ရုံနဲ့ နားလည်ကြမှာပါ။ ဗမာစာစကားနဲ့ စာပေတွေပါ ချစ်တတ်လာရင် ဒီတွေ့ရှိမှုက "ဝေးကွာလှမ်းတဲ့ အရှေ့ဖျား ဦးနှောက်မျိုး" လို့ရှိတော့မှာ မဟုတ်ဘူး။ အတူတကွ အလုပ်လုပ်စဉ် ဆော့ကစားစဉ် ရဲဘော်ရဲဘက်စိတ်ရှိမှုကြောင့် ပျော်မွေ့ရတာတွေ၊ မီးရထား၊ ရေနွေ့ငွေ့ သင်္ဘောတွေနဲ့ ခရီးသွားခိုက် အပြာရောင် ရှမ်းတောင်တန်းပေါ်က အုပ်စိုးသူတွေရဲ့ ဧည့်ဝတ်ကျေပွန်မှုတွေကလည်း မမေ့ရက်နိုင်ပါဘူး။

ရှေးဟောင်းဗြိတိသျှရဲ့ အိန္ဒိယအင်ပိုင်ယာထဲမှာ အိန္ဒိယရဲ့ခရိုင်နယ်တစ်ခုအဖြစ် ကြာရှည်စွာဖွဲ့စည်းလာခဲ့ရတဲ့ (၁၈၂၆–၁၉၃၇) အတွက်

mgyoe.com

mgyoe.com


အနောက်တိုင်းကမ္ဘာက ဗမာပြည်ကို အိန္ဒိယရဲ့အစိတ်အပိုင်းတစ်ခုပဲလို့ အမှားအယွင်းမရှိ သဘောထားမှတ်ယူခြင်းခံရတယ်။ စိတ်ဓာတ်ရေးအရ ဗမာပြည်က ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြပြီး အိန္ဒိယကတော့ မွေးရာပါ နယ်မြေအဖြစ်က ပျောက်ကွယ်သွားခဲ့တယ်။ လူမျိုးစုရေးရာအရ လူတို့က ပထမဦးစွာမွန်ဂိုတွေရဲ့ အရှေ့တောင်ပိုင်းကမ်းရိုးတန်းတစ်လျှောက် အရှေ့ခရီးထွက်စဉ် ရင်ဆိုင်တွေ့ခဲ့ရတယ်။ နိုင်ငံရေးအရ ဗမာပြည်ဟာ ဗြိတိသျှနဲ့ စစ်ပွဲဆင်နွှဲပြီး ၁၈၈၅ ခု ဗြိတိသျှအင်ပိုင်ယာအောက်ကျရောက် သွားခဲ့ရတဲ့ ကျွန်ဘဝမရောက်မီ ရှေးရှေးနှစ်တစ်ထောင်ကျော်လောက်က ပဒေသရာဇ်သက်ဦးဆံပိုင်စနစ်ကလွဲပြီး တခြားဘာမှသိတာမရှိခဲ့ဘူး။ သမိုင်းရေးရာ မတော်တဆသဘောနဲ့ အိန္ဒိယနဲ့ပေါင်းစပ်လာနေတယ်။ ၁၉၃၇ ဧပြီလမှာ အိန္ဒိယနဲ့ ကွာရှင်းခဲ့ရတယ်။ ဗမာပြည်ရဲ့ တရားသူကြီးချုပ်ကောင်း "ဆာအသာပိတ်" ဖော်ပြတဲ့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုသာ ပေးထားတဲ့ လုံးဝလွတ်လပ်ရေးကလွဲရင်း ကိုယ့်ဟာကိုယ် အုပ်ချုပ်ခွင့်နဲ့ နိုင်ငံရေးအဆင့်အတန်း ပေးသင့်တယ်။

ဗမာတွေက မွန်ဂိုတိဘက်ပြည်သူတွေနဲ့ ဆင်တူပြီး အိန္ဒိယနဲ့ ဒဿန၊ ဘာသာရေး၊ အစိုးရသဘောတွေ လက်ဆောင်ရလို့ ကျေးဇူးတင်ထိုက်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်ရဲ့အမည်နာမကိုတော့ အိန္ဒိယရဲ့ 'ဗြဟ္မဏ' ဆီကမရဘဲ တရုတ်ရဲ့ "မိယံ" က တစ်ဆင့်ရခဲ့တယ်။ ဗမာရဲ့ တစ်သီးပုဂ္ဂလသဘောကို အိန္ဒိယနဲ့တရုတ်တို့ရဲ့ ယောကျ်ားခွန်အားပဓာနထားတဲ့ ယဉ်ကျေးမှုက စုပ်ယူသွားပြီး ဘင်္ဂလားပင်လယ်အော် အနောက်ဘက်က တောင်တန်းတွေ ထူထပ်မှုရဲ့ ကာကွယ်ပေးမှုကို ခံရပါတယ်။

ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့ ဗမာတွေက အလှအပကို ချစ်တတ်ပြီး ကိုယ့်ကိုယ်ပိုင် အကျိုးအတွက် အပျော်ကို ရှာကြတယ်။ လိုအင်ဆန္ဒတွေ

mgyoe.com

mgyoe.com


ပိုကဲအောင်ထားခြင်းဖြင့် စိတ်အနှောင့်အယှက်အဖြစ်မခံကြဘူး။ သူ့စိမ်းတွေကို ခံစားချက်မကောင်းတတ်ကြဘူး။ နိုင်ငံခြားသား (ပင်မအားဖြင့် အိန္ဒိယနဲ့ တရုတ်) တို့နဲ့ စီးပွားရေးယှဉ်ပြိုင်မှုမှာ စူးရှမှုဒဏ်မခံနိုင်ခြင်းကတော့ ၁၉၃၀ ကာလ ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်မှုကြောင့် စိတ်ကျရောဂါအကြီးအကျယ်ရခဲ့တာကြောင့်ပါပဲ။ အဲဒီအချိန်ထိအောင် ရှောင်တခင် နိုင်ငံခြားသားဧည့်သည်၊ အုပ်စိုးသူဗြိတိသျှ၊ တရုတ်လူမျိုး ၁ သန်းခွဲနဲ့ အိန္ဒိယသားအခြေချ ပြောင်းလာသူတွေဟာ သဘောကောင်းသည်းခံတတ်တဲ့ ဗမာတွေကို အခွင့်ကောင်းယူပြီး လိမ့်ဝင်လာကြပါတယ်။ လူမှုရေး ဆောက်လုပ်ချက်တစ်ခုလုံးက ဒီမိုကရေစီပါ။ ဇာတ်မခွဲဘူး၊ ဆင်းရဲမွဲတေမှုဒဏ်ကိုတော့ အိန္ဒိယ၊ တရုတ်တို့ထက် ပိုပြီးထောင်းထောင်းကြေအောင် ခံခဲ့ရတယ်။

ဗမာအမျိုးသမီးတွေက ပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေးအပြည့်အဝရှိပြီး လွတ်လပ်စွာ အသက်မွေးကြတယ်။ သူတို့ရဲ့ ရိုးရိုးရှင်းရှင်း ချစ်စရာကောင်းတဲ့ အာရုံကြောင့် ဝတ်စားဟန်မှာ ကိုယ့်စိတ်ကြိုက်အရောင်အသွေး၊ အဆောင်တွေ ရွေးချယ်နိုင်ကြတယ်။ ဒါတွေဟာ အလှအပကို အမြတ်တနိုးကိုးကွယ်လာခြင်းနှစ်တွေ ရာစုနှစ်များစွာကြာခဲ့တဲ့ရလဒ်ကြောင့်ပဲ ဖြစ်တယ်။

အမှန်တကယ် ဗမာတွေက နှစ်မျိုးရှိကြတယ်။ ပထမအမျိုးက "အောက်သားဗမာတွေပါ။ အင်္ဂလိပ်–မြန်မာ ပထမစစ် ၁၈၂၄ နဲ့ ဒုတိယစစ် ၁၈၅၂ ခုအပြီး အင်္ဂလိပ်တွေရဲ့ ထိန်းချုပ်မှုအောက်မှာနေခဲ့ရသူဗမာတွေ ပါဝင်တယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ စစ်တောင်းနဲ့ သံလွင်မြစ်ဝှမ်း။ ဒီဒေသတွေက တိုင်းပြည်ရဲ့ စိုက်ပျိုးရေးဓနအားလုံးရဲ့ ဗဟိုချက်ဖြစ်တယ်။ ဒီစပါးလယ်ကွင်းက ရန်ကုန်ရဲ့ နှစ်စဉ်ဆန်စပါး ပြည်ပပို့ကုန်တန်ချိန် ၃,၀၀၀,၀၀၀ ရှိတယ်။ တစ်ကမ္ဘာလုံးဆန်တင်ပို့နိုင်

mgyoe.com

mgyoe.com


မှ အများဆုံးမြို့တော်ကြီးပါပဲ။ တနင်္သာရီတိုင်းလည်း ပါသေးတယ်။ အဲဒီဒေသမှာ သွပ်နဲ့ ကျွန်းသစ်တွေက အဓိကခနေဖြစ်ပြီး ကျွန်းစုတွေ ထောင်ဂဏန်းက အောက်က မလေးကျွန်းဆွယ်၊ စင်ကာပူထိအောင် ရောက်ပါတယ်"

ဒုတိယဗမာက လုံးဝခြားနားတဲ့ တိုင်းပြည်ပါ။ မြောက်မှ တောင်ဘက်သို့ သွယ်တန်းနေတဲ့ တောင်စဉ်တောင်တန်းတွေ အထပ်ထပ် ဗမာတောင်ဘက်ချိုင့်ဝှမ်းတွေ ထိရောက်ပါတယ်။ ဒီဗမာပြည်အပိုင်းမှာ အာသံ၊ တိဘက်၊ တရုတ်ရဲ့ ယူနန်ခရိုင်တွေ ပါဝင်ပြီး ငြိမ်းချမ်းတဲ့ ရှမ်းဒေသ၊ စစ်ကိုကြိုက်တဲ့ ကချင်တွေ၊ ခေါင်းဖြတ်မုဆိုးနာဂတွေနဲ့ အရိုင်းနယ်တွေ ပါဝင်တယ်။ ရှားပါးတဲ့ လူမျိုးစုတွေဖြစ်တဲ့ ရခိုင်တောင်၊ ယိုးဒယားနယ်ခြားနားကပ်နေတဲ့ ကရင်နီ (ကယား) ပြည်နယ် ပဒေါင်းလူမျိုးအုပ်စုငယ်လေးတွေ ပါဝင်နေတယ်။ ပဒေါင်းဆိုတာ မိန်းမတွေ လည်ပင်းမှာ "ကြေးဝါကွင်းတွေ အထပ်ထပ်စွပ်ထားတယ်။ အုပ်ချုပ်ရေးမရှိတဲ့ မြောက်ဖျားဒေသ" ဟူးကောင်းတောင်ကြားဒေသကြီးက သူ့အနောက်ဘက်တိဘက်နဲ့ ထိစပ်နေတယ်။ ၁၉၃၀ ကတည်းက ဗြိတိသျှ စူးစမ်းလေ့လာရေးအဖွဲ့က ဒီဟူးကောင်းဒေသမှာ ကျွန်ပေါင်း ၉၀၀၀ ကျော်ကို လွတ်မြောက်ခွင့်ပေးလိုက်တယ်။ ဒီဒေသက အမဲလိုက်စံပြနယ် ဖြစ်ပြီး တရုတ်ပြည်ထဲထိ လမ်းမကြီးဖောက်လုပ်နေတယ်။

ဗမာပြည်မြောက်ပိုင်းထဲမှာ သယံဇာတသတ္တုတွေ ကြွယ်ဝစွာ ထွက်ပြီး တိုင်းပြည်အလယ်ဗဟိုထိ ရေနံတွင်းတွေ အများအပြားရှိတယ်။ ရှေးဟောင်းမြို့တော် မိုးကောင်းရဲ့ မြောက်ဘက်မှာ ငှက်ဖျားကျတတ်တဲ့ ဒေသရှိပြီး တရုတ်တွေအထွတ်အမြတ်ထားတဲ့ ကျောက်စိမ်းထွက်ရှိတဲ့ ဒေသလည်းရှိတယ်။ မကြာခင်ကမှ ဗမာရှေးဟောင်းမြို့တော် အမရပူရမှာရှိတဲ့ တရုတ်ဘုရားကျောင်းထဲမှာ တရုတ်ကုန်သည်ပေါင်း ၆၀၀၀

mgyoe.com

mgyoe.com



ကျော်ဟာ ကျောက်စိမ်းရှာရင်း ၁၉ ရာစုအတွင်း အသက်သေဆုံးကုန်ကြ တယ်လို့ ဆိုတယ်။ ဟူးကောင်းမှာ ပယင်းသတ္တုထွက်ပြီး မိုးကုတ်က ပတ္တမြားထွက်တယ်။ မန္တလေးက မိုင် ၁၀၀ ကျော် ဝေးပါတယ်။ ဗြိတိသျှ မင်းသားရဲ့ သရဖူက ဒီဒေသက ပတ္တမြားလို့ အဆိုရှိပါတယ်။ မိုးကုတ်ရဲ့ အကျော်ကြားဆုံးရတနာက "ငြိမ်းချမ်းရေးပတ္တမြား" ဖြစ်ပြီး ၁၉၁၈ ခု အပစ်အခတ်ရပ်စဲရေးနေ့မှာ တွေ့ရှိတူးဖော်ရပြီး အကြမ်းဖျင်းတစ်ကာ ရက်ကို ပေါင်စတာလင် ၈၀၀ နှုန်းနဲ့ ရောင်းရတယ် ဆိုတယ်။ အလေး ချိန် ၄၂ ကာရက်နဲ့ တူးဖော်ရရှိခဲ့တာပါ။ တရုတ်နယ်စပ်က မိုင်နည်းနည်း ပဲ လှမ်းတဲ့ ဒီဒေသက ပစ္စည်းတွေကိုတော့ "မစ္စတာဟားဗတ်ဟူးဗား" တည်ထောင်တဲ့ ဗမာ့ကော်ပိုရေးရှင်းက ပထမကမ္ဘာစစ်ကြီးမတိုင်မီကပဲ တူးဖော်သွားပါပြီ။

အထက်ဗမာပြည်ရဲ့ဆွဲဆောင်မှု အကောင်းဆုံးအပိုင်းက ရှမ်း တောင်တန်းဖြစ်ပြီး လာလည်သူမှန်သမျှကို ညို့ယူဖမ်းစားမှုစက်ဝန်းတွေ ရစ်ပတ်နေတယ်။ မြေပြန့်က ဖြတ်သန်းတက်လာခဲ့တဲ့ မီးရထားရဲ့ အပူ ဓာတ်နဲ့ မြေပြန့်ရဲ့ အပူငွေ့တွေဟာ လမ်းတစ်လျှောက်က မြို့တွေဖြစ်တဲ့ သာစည် (သာသာယာယာစည်ပင်သော)၊ ပဉ္စဂံစု (ဘုရားငါးဆူ)၊ ဆင် တောင် (ဆင်ရဲ့တောင်)၊ မြင်းတိုက် (မြင်းကိုရေတိုက်)၊ အောင်သန်း (အောင်မြင်မှုပန်းစည်း) နဲ့ တောင်ကြီး (ကြီးမားတဲ့တောင်) တွေကို ဖြတ်ခဲ့တယ်။ တောင်ကြီးအနီးက ဂေါ်ရခါးဥယျာဉ်မှာ အပူပိုင်းရာသီ အတွက် ကိုယ်လက်လှုပ်ရှားအပန်းဖြေနိုင်ပြီး မိုင်ရာကျော်ဝေးတဲ့ လမ်း ကောင်းတွေကို ဗန်းမော်၊ တရုတ်နယ်စပ်နမ်းခမ်းကနေ လမ်းပန်း၊ ချင်း မိုင်နဲ့ အခြားယိုးဒယားမြို့တွေအထိ ရောက်နိုင်တယ်။ ဘုရင်သီပေါမင်းရဲ့ ဗမာပြည်ကို ကြည့်နိုင်တဲ့သာယာတဲ့ နည်းလမ်းကတော့ မြစ်ကြောင်း ရေနွေးငွေ့သင်္ဘောနဲ့ သွားတဲ့ခရီးဖြစ်ပြီး ဧရာဝတီကဗန်းမော်အထိ မိုင်

mgyoe.com

mgyoe.com


တစ်ထောင်နီးပါး ရှိတယ်။ “ချန်ကင်းလော့်တက်” ဆိုတဲ့ သင်္ဘောဆိုရင် ‘ကစ်ပလင်း’ ရဲ့ ကဗျာကို အမှတ်တရ ဖြစ်နိုင်ပါတယ်။

ရှမ်းပြည်ကို ရထားနဲ့ လားရှိုးထိလာလည်နိုင်တယ်။ ရှေးဟောင်း ဝိတိုရိယရဲ့ တောင်ကုန်းနီနီတွေ လိမ့်ဆင်းလာတာကို အမှတ်တရရှိနိုင်ပြီး အဲဒီမှာ ဗြိတိသျှအရာရှိတွေရဲ့ ခိုလှုံရာနယ်မြေလေးရှိကာ သူတို့ရဲ့ ဥယျာဉ်စိုက်ထားတဲ့ဂေဟာရိပ်သာတွေနဲ့ သာယာတဲ့ အိမ်ဂေဟာတွေ တွေ့ရတယ်။ သစ်ခွပန်းဈေးခင်းက မြို့ထဲမှာရှိတယ်။ လားရှိုးနဲ့ တရုတ်နယ်စပ်အကြားကို မကြာခင်ကမှ ကန့်သတ်ပိတ်ကာလိုက်ရတာက တရုတ်အခြေချရွှေ့ပြောင်းလာကြသူ ရာပေါင်းများစွာကြောင့်ဖြစ်ပြီး တရုတ်ခြေသေးမတွေက ဗြိတိသျှနယ်ပယ်မှာ ဆွဲဆောင်မှုရှိရှိ၊ ကွန်းခိုစရာနေရာရရေးအတွက် လုပ်နေကြတာဟာ Pax Britannica မှာ ရေးထားသလို တောရိုင်းနိုင်ငံနှစ်ခုရဲ့နယ်စပ်မှာ ရာစုနှစ်များစွာကြာအောင် တွေ့နေရမယ့်မြင်ကွင်းပဲ ဖြစ်တယ်။

ရှမ်းပြည်နယ်က ပုံမှန်အားဖြင့် “စော်ဘွား” ဆိုတဲ့ ရှေးရိုးရာအစဉ်အလာအုပ်စိုးမှုအောက်မှာ ရှိတယ်။ သေနတ် ၉ လက်နဲ့ အလေးပြုရတဲ့ အစဉ်အလာက အရေးအပါဆုံးပဲ။ ဗမာပြည်ရဲ့ ရှေးဟောင်းနဲ့ခေတ်သစ်အကြား ဆက်စပ်မှုပုံရိပ်ပဲဖြစ်တယ်။ နောက်ဆုံးစိုးစံခဲ့တဲ့ သီပေါမင်းလက်ထက်နေ့ရက်တွေက “မွန်စစ်” မြို့စားဟာ ၁၉၃၅ ခုနှစ် ဧပြီလမှာ ကွယ်လွန်ခဲ့တယ်။ လူငယ်စော်ဘွားလေးတွေ ‘အောက်စဖို့ဒ်’ တို့၊ ‘ကိန်းဘရစ်’ တို့ကျောင်းတွေ တက်ခဲ့သူတွေကြားမှာ ထွန်းတောက်ခဲ့သူ တစ်ဦးပါပဲ။ ၁၉၄၃ ခုမှာ ဂျပန်တွေ ရှမ်းပြည်နယ်ကို ပေါင်းစည်းတဲ့ ကြေညာချက် (ကွမ်းထုံးနဲ့ မုံပန်ကို ဖယ်ထုတ်) ကို ကရင်နီ၊ ဝ ပြည်နယ်နဲ့ ပေါင်းစည်းထုတ်ပြန်ခဲ့တယ်။ စော်ဘွားတွေက မကြိုက်ကြဘူးပေါ့။

မင်းတုန်းမင်းတည်ခဲ့တဲ့ ရွှေမြို့တော်မန္တလေးက မိုက်မဲအတွေးတိမ်တဲ့ သီပေါမင်းလက်ထက်မှာ ၁၈၈၅ ခုမှာ ကျဆုံးသွားရတယ်။ နန်းတော်

mgyoe.com

mgyoe.com


နေရာမှာ ဗြိတိသျှကလပ်တွေ ဖွင့်ထားတာကို အမိန့်ထုတ်ဆင့်ပြီး နှင်ထုတ်ပစ်တဲ့ "လော့ဒ်ကာဇုန်" ကိုပဲ ကျေးဇူးတင်ရမယ်။ နန်းတော်ဟောင်းနေရာကို တစ်စုံတစ်ခု ထိန်းသိမ်းစောင့်ရှောက်ဖို့ ကြိုးပမ်းချက်ပါပဲ။ ဘုရင့်ရဲ့ ပရိသတ်ခန်းမက ပေ ၂၆၀ ရှည်ပြီး စကြဝဠာရဲ့ ဗဟိုချက်လို့ တောင် အဆိုရှိကြတယ်။ ဂျပန်ဝင်လာတော့ မန္တလေး မီးလောင် (လှူ့ဝှက်စွာ မီးလောင်တိုက်သွင်းမှု) ရာမှာ နန်းတော်လည်း ပါသွားလို့ ကျွန်းသစ်တိုင်လုံးတွေ၊ ကနုတ်ပန်းတွေ၊ ရွှေကွပ်ထားတာတွေ ကျန်နေရစ်တယ်။ ၁၉၃၀ ကတည်းက နန်းမြို့ရိုးမျှော်စင်ကို မတက်ရလို့ တားမြစ်ထားခဲ့တယ်။ ဒီနန်းမြို့ရိုးမျှော်စင်ရဲ့ အရိပ်အောက်မှာ သီပေါမင်း နန်းတက်ရေးအတွက် ဆွေတော်မျိုးတော် မင်းညီမင်းသား ၈၆ ပါးကို တစ်မနက်တည်းနဲ့ပဲ အဆုံးသတ် ဇီဝိန်ခြွေရိုက်သတ်ခဲ့မှုကြီး ဖြစ်ခဲ့ပါတယ်။ ဒီနောက် တန်ခိုးထွားခဲ့တဲ့ စုဖုရားလတ် မိဖုရားဟာ ၁၈၈၅ ခု တန်ဆောင်မုန်းလမှာ ဗြိတိသျှကို လက်နက်ချ ဗမာတစ်ပြည်လုံး ထိုးအပ်လိုက်ရပြီး ကိုယ်တိုင်လည်း ပါတော်မူသွားရတော့တယ်။ နိုင်ငံခြား ဧည့်သည်တွေရဲ့ ရည်မှန်းချက် မန္တလေးမှာ ပြီးမြောက်သွားတယ်။ ဗမာတွေ နန်းတော်ထဲ ဝင်ကြည့်ကြလို့၊ ဒုက္ခရောက်ကြသေးတယ်လို့ ဆိုတယ်။ ဘဝအသက် အိုးအိမ်နဲ့ ဓနပိုင်ဆိုင်မှုတွေ စိတ်ချလက်ချဖြစ်အောင် ဗြိတိသျှရဲ့ အုပ်စိုးမှုအောက် လက်မှိုင်ချနေဖို့သာ ရှိတော့တယ်။

ဗမာကို ဂျပန်တွေ မသိမ်းပိုက်မီ ရှေးရှေးက ဗမာတွေက ကျေနပ်ရောင့်ရဲစွာနဲ့ ရေမြေကို ခံစားရင်း အေးအေးချမ်းချမ်းနေတတ်ကြပါတယ်။ ခေတ်သစ်ကမ္ဘာကြီးက ဒီသက်သောင့်သက်သာရှုထောင့်အသွယ်သွယ်ကို ဝင်ရောက်ကျူးကျော်ခဲ့ကြတယ်။ လျှပ်စစ်ပန်ကာ၊ လျှပ်စစ်မီးသီးတွေက ညနေခင်းတွေမှာ လမ်းတွေတစ်လျှောက် လင်းနေတာတွေ့ကြရပြီး လက်ရာမြောက်သွန်းလုပ်ထားတဲ့ ဂေါတမမြတ်စွာဘုရားရဲ့ ရုပ်ပွားး

mgyoe.com

mgyoe.com


တော်တွေမှာ ထွန်းထားတာလည်း တွေ့ရတယ်။ မြတ်စွာဘုရားက ထာဝရ ငြိမ်းချမ်းရေး (နိဗ္ဗာန်) ကို သူရှာတွေ့ခဲ့ပြီလို့ ဟောကြားတော်မူခဲ့ပါတယ်။

❐

mgyoe.com

mgyoe.com

# အခန်း (၂)
# ဗမာပြည်-တိုင်းပြည်တစ်ခု

*"ဆီးနှင်းတောနဲ့ စပါးလယ်ကွင်းတွေနဲ့ ဗမာပြည်က ဖြည်းညင်းစွာ ပင်လယ်ပြင်ထဲအရောက် လေးဘက်တွား ဆင်းနေတယ်။"*

*"ဂျီ၊ အိပ်ချ်၊ လု့"*

ဘေးပတ်လည်ရှေ့နောက်တစ်ခွင် ပတ်ချာလည်အောင်ကြည့်ရင်း ဗမာပြည်ဆိုတာ အနောက်ဘက်မှာ အိန္ဒိယ၊ အရှေ့ဘက်မှာ တရုတ်နဲ့ ထိုင်းတို့ရဲ့ကြားက တိုင်းပြည်တစ်ပြည်ပါပဲ။ အင်္ဂလန်နဲ့ပြင်သစ်နှစ်နိုင်ငံ ပေါင်းစပ်ထားသလောက် ကျယ်ဝန်းပြီး လူဦးရေအားဖြင့် နယူးယော့ခ် စတိတ်ရဲ့ လူဦးရေ ၁ သန်းထက်သာလွန်ပါတယ်။ ဗမာပြည်ရဲ့ တောင် ဘက် အစွန်ဆုံး ဝိတိုရိယအငူက စင်ကာပူကနေ လေကြောင်းမိုင် ၆၀၀ အတွင်းမှာ ရှိတယ်။ မြောက်ဘက်အကျဆုံး အကန့်အသတ်က "နယူးအော်လန်"ရဲ့ လတ္တီတွဒ်နဲ့အတူတူဖြစ်ပြီး ပေ ၂၀,၀၀၀ ထိရောက်

mgyoe.com

mgyoe.com


တောင်ထိပ်တွေနဲ့အတူ မဆုံးနိုင်တဲ့ ဆီးနှင်းတွေကို ဖွေးနေအောင် မြင်နေရတယ်။ ဘုရားပုထိုးစေတီများရဲ့ နယ်မြေက အနီးစပ်ဆုံးခန့်မှန်းခြေ အိန္ဒိယနဲ့နယ်စပ်အလျားမိုင် တစ်ထောင်၊ တရုတ်နဲ့နယ်စပ်ချင်းမိုင်တစ်ထောင်၊ ပြင်သစ်အင်ဒိုချိုင်းနားနဲ့ မိုင် ၁၅၀၊ ထိုင်းနဲ့မိုင်တစ်ထောင် ထိစပ်နေတယ်။ တကယ်လို့ ဂျပန်သာ ကွမ်းတုံနယ်နဲ့ မိုင်ပန်နယ်တွေကို ထိုင်းတွေဆီ လက်ဆောင်မပေးခဲ့ဘူးဆိုရင် ဗမာပြည်ဟာ ပြင်သစ်အင်ဒိုချိုင်းနားနဲ့ နယ်စပ်ချင်းထိမှာ မဟုတ်ဘူး။ ဒါပေမဲ့ အန္တရာယ်ရှိနိုင်မှုအတွက် ပိုအရေးကြီးတာက ယိုးဒယားက တရုတ်နဲ့နယ်စပ်ချင်းမိုင် ၁၅၀ ထိစပ်လာမယ့် အရေးပဲဖြစ်တယ်။ ဗမာပြည်ရဲ့ ဧရိယာအကျယ်စုစုပေါင်းက စတုရန်းမိုင်ပေါင်း ၂၆၀,၀၀၀ ဖြစ်ပြီး တောင်မှမြောက်သို့ မိုင် ၁၂၀၀ နီးပါးရှိတယ်။ ဖြက်အကျယ်ဆုံးက မဲခေါင် (ကွမ်းတုံခရိုင်နဲ့ နယ်စပ်ခြားနေ) ကနေ ဘင်္ဂလားနယ်စပ် 'ကော့ဘဇား' ထိ မိုင် ၆၀၀ နီးပါးရှိတယ်။

မြစ်ကြီးနားမြောက်ဘက် တောင်ထိပ်နေရာတွေကလွဲရင် ဗမာပြည်တစ်ခုလုံးက အပူပိုင်းဇုန်ရာသီဥတုရှိပြီး ပထဝီအနေအထားအရ တရုတ်နဲ့ အိန္ဒိယတို့ကိုမြင့်မားတဲ့ တောင်တွေနဲ့ ကာရံထားပါတယ်။ ဒီအတားအဆီးဟာ အတွင်းအာရှတစ်လွှား ဟိမဝန္တာတောင်ကြောကြီး (ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ် ဧဝရက်တောင်ရှိ) ရဲ့ မြောက်ပိုင်းအိန္ဒိယနေရာက စပြီး တောင်ဘက်ကို ချိုးကွေ့ပြီး မြောက်မှ တောင်ဘက်သွယ်တန်းနေတဲ့ ဟိမဝန္တာရဲ့ လက်မောင်းတံတွေလို ဗမာပြည် တစ်လျှောက် မြောက်မှတောင်ဘက်ကို ခါကာဘိုရာဇီကစလို့ အွှောက်ကိုဆင်းသွားပါတော့တယ်။ အင်ဒိုချိုင်းနား မလေးကျွန်းဆွယ်၊ ဆူမတြာ ဂျားမားအထိ ရောက်တယ်။ ဗမာပြည်မြောက်ဖျား ပတ်ကွိုင်တောင်တန်းကစပြီး အနောက်ဘက်ရခိုင်ရိုးမက "နက်ဂရာ့အငူ" မှာ ဆုံးတယ်။

mgyoe.com

mgyoe.com


ပင်လယ်ထဲကျမှ 'အက်ဒမန်' နဲ့ 'နီကိုဘာ' ကျွန်းတွေ ပြန်ပေါ်လာပြီး ဆူမတြာက မိုင် ၉၀ အတွင်းရှိတယ်။ ဗမာပြည်ရဲ့ လက်တံကြီးလို တနင်္သာရီကျွန်းဆွယ်က အောက်ဘက် လက်ညှိုးထိုးနေတာ စင်ကာပူထိ ရောက်တယ်။

ဗြိတိသျှစူးစမ်းလေ့လာကြသူတွေက ဒီတိုင်းပြည်ကို နာမည်အမျိုးမျိုး မှည့်ခေါ်ခဲ့ကြပေမယ့် ပထဝီသဘောအရ အင်ဒိုချိုင်းနားရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပြင်သစ်တွေက "Indo-Chine anglaise" လို့ ခေါ်ကြတယ်။ အိန္ဒိယဘက်က ကြွေးကြော်ချင်ကြတာက ဗမာပြည်ဟာ အိန္ဒိယရဲ့ အစွယ်အပွားလို့ ယူဆကြသလို ရှိတယ်။ ဒါက နှစ်ထောင်ချီကြာခဲ့တဲ့ သမိုင်းကြောင်းအရ အိန္ဒိယနဲ့ အရှေ့တောင်အာရှတို့က ယဉ်ကျေးမှု၊ ဘာသာရေး၊ ကုန်သွယ်ရေးနဲ့ ကြာရှည်လာခဲ့တဲ့ နိုင်ငံရေးဖွဲ့စည်းမှုရဲ့ ရလဒ်တွေအရ နီးစပ်စွာ မဟာမိတ်ကျကျ ဆက်စပ် ပတ်သက်ခဲ့ကြတယ်လို့ သိထားကြတာကြောင့်ပါပဲ။

အခြားတစ်ဖက်မှာ တရုတ်ကလည်း ဗမာပြည်က "Chin-India" လို့ သိထားကြတာ ရှေးပဝေသဏီကတည်းကဖြစ်လို့ "အိန္ဒိယဘက်ရောက်နေတဲ့ တရုတ်" လို့ ယူဆနေကြတယ်။ သင့်ရဲ့ ဗမာစစ်စစ်တွေ ခုခံကာကွယ်ပြောနိုင်တာက ရှေးရှေးအလယ်ပိုင်းခေတ် တရုတ်ကေရာဇ်တွေ တန်ခိုးထွားခဲ့စဉ်က အောက်ဘက်နိုင်ငံရပ်ခြားတွေဆီ သံတမန်စေလွှတ်ဩဇာခံ–မခံ သွေးတိုးစမ်းစဉ် အားနည်းသူက လက်ဆောင်ပဏ္ဏာတွေ ဆက်သတယ် ဆိုစေဦး၊ အခမ်းအနားသဘင်သုံး ပစ္စည်းတွေ လောက်သာဖြစ်တာမို့ မလွမ်းလောက်ဘူးလို့ ချေပနိုင်ပါတယ်။

ဗမာပြည်ရဲ့ မြစ်ကြီးများ ဧရာဝတီနဲ့ စစ်တောင်းကို ပဲခူးရိုးမက ခြားထားပါတယ်။ ဒီရိုးမရဲ့တောင်ခါးပန်းတစ်လျှောက် ချမ်းသာကြွယ်ဝစေမယ့် ကျွန်းသစ်တွေ ပေါက်နေတယ်။ (ခုတော့ နေပြည်တော်ဟိုင်းဆေး

mgyoe.com

mgyoe.com

လမ်းကြောင့် ပြီးခဲ့တဲ့ ၁၉၉၀ ခုကနေ ၂၀၀၀ ကျော်ကာလမှ ရိုးမပြိုလဲတာနဲ့ တစ်ညီတည်းရှိသမျှ ကျွန်းသစ်တွေ ကုန်လုပါပြီ။)

ဝိတိုရိယတောင်ထိပ်ဟာ ပေ ၁၀,၀၀၀ ကျော်မြင့်ပြီး ရခိုင်ရိုးမရဲ့ အမြင့်ဆုံးအမှတ်ဖြစ်တယ်။ ရခိုင်ကမ်းရိုးတန်းဒေသလွင်ပြင်က ကျဉ်းမြောင်းပြီး ရွှံ့နွံတွေထူပြောလို့ ဘင်္ဂလားပင်လယ်အော်ရဲ့ ကျောက်ဆောင်တွေ ပေါများတယ်။ ကမ်းခြေအလွန် ကျွန်းစုတွေ များမြောင်လှတာဟာ ရခိုင်ပြည်နယ်ကို စောင့်ကြပ်ပေးနေသလိုရှိတယ်။ အကြီးဆုံးကျွန်းစုတွေက "ရမ်းမရိုး"(ရမ်းဗြဲ) နဲ့ "ချီဒူဘာ"(မာန်အောင်) တို့ပါပဲ။ တချို့ကျွန်းတွေက ရေနံတွင်း သဘာဝဓာတ်ငွေ့သိုက်တွေ ရှိတယ်။ (အခု တရုတ်ပြည်က ပိုက်လိုင်းသွယ်ပြီး ယူသွားပါပြီ။) ရွှံ့မီးတောင်တွေလည်း ရှိတယ်။ (တရုတ်ကုလားယူကြဦးမလား၊ အလကားပေးမယ်။) အခြား အရာတွေကတော့ ပေါ်လာရင်း ပျောက်သွားလိုက်ရင်း (ပြီးခဲ့တဲ့ဟာတွေလို) နဲ့မို့ ဘုရားနဲ့ နဂါးမှသာ နားလည်နိုင်မယ့် အရင်းအမြစ်တွေ ဖြစ်ကြပါတယ်။

တနင်္သာရီကတော့ ဗမာပြည်ရဲ့ ကျန်တာတွေနဲ့ ထူးခြားတယ်။ ရခိုင်လိုပဲ မိုးများလွန်းပြီး ငှက်ဖျားပိုးတွယ်တဲ့ ကျွန်းဆွယ်မို့၊ နိုင်ငံရေးဗမာတွေရဲ့ ဆိုက်ဘေးရီးယား' ဒေသလို့ သတ်မှတ်ခံရတယ်။ ဗမာမြို့ပြဝန်ထမ်း (ဗမာဖြစ်စေ၊ ဗြိတိသျှဖြစ်စေ) တွေက အထက်အာဏာပိုင်တွေငြိုငြင်ခံရသူတွေကို 'မဲဇာပို့တဲ့' အနေနဲ့ ရခိုင်ဘက် ကျောက်ဖြူကိုပို့တဲ့အခါမို့ တနင်္သာရီဘက်မြိတ်ကျွန်းစုကို ပို့တဲ့အခါ ပို့တတ်တယ်။ တနင်္သာရီရဲ့ အကျယ်ပြန့်ဆုံးနေရာက အမြဲစိမ်းညို့ညို့သစ်တောတွေနဲ့ အီကွေတာရာသီဥတု ရှိတယ်။ ပျမ်းမျှနှစ်စဉ် မိုးရေချိန်က လက်မ ၂၀၀ ကျော်တယ်။ စပါးနဲ့ ရော်ဘာထွက်တယ်။

မော်လမြိုင်ဟာ ဒီဒေသရဲ့ မြို့တော်အဖြစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ မြို့ဟောင်းဆိပ်ကမ်းမြို့လည်း ဖြစ်တယ်။ တရုတ်ပြည်ထဲ

mgyoe.com

မြစ်ဖျားခံပြီး၊ ရှမ်းကုန်းမြေမြင့်ကို ဖြတ်သန်းစီးဆင်းပြီး ကရင်၊ ကယား ဒေသကို ဖြတ်လာလို့ နောက်ဆုံးမော်လမြိုင်မြို့မှာ ပင်လယ်ထဲစီးဝင်သွား ရာမှာ တရုတ်မြေမှ ရွံ့နွံတွေ တိုက်ချလာပါတယ်။ ရှမ်းကုန်းမြေက ကုန်းမြေ မဟုတ်၊ ပျမ်းမျှရေမျက်နှာပြင် အထက်ပေ ၃၀၀၀ သာ မြင့်ပါ တယ်။ လူနေကျဲပြီး မြက်ခင်းလွင်ပြင်တွေ များတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရှမ်းပြည်နယ်က ဥရောပဌာနေသမားတွေအတွက် လုံးဝနေထိုင်ဖို့ သင့် လျော်လှပြီး လိမ္မော်သီးတို့လို အနောက်တိုင်း သီးပင်စားပင်တွေ ပေါက် တဲ့ဒေသဖြစ်တယ်။ တောင်အတ္တလန္တိတ် ပြည်နယ်တွေနဲ့ ရာသီဥတုချင်း ဆင်တူနေတယ်။ 'ဘော်ဒွင်း' နဲ့ 'မော်ချီ' သတ္တုတွင်းတွေလည်း ရှိပြီး ရှမ်းနဲ့ ကရင်နီ (ကယား) တို့အတွက် စီးပွားရေးအရ တန်ဖိုးသိပ်ရှိလှ တယ်။ ငွေ၊ ခဲ၊ သွပ်၊ သံဖြူနဲ့ 'တန်စတင်' လည်း ဒီသတ္တုတွင်းတွေက ထွက်တယ်။

ဗမာပြည်ရဲ့ မြစ်ဝကျွန်းပေါ်ဒေသက ဧရာဝတီအောက်ပိုင်းနဲ့ စစ် တောင်းမြစ်ဝှမ်းဒေသတို့ရဲ့ အစိတ်အပိုင်း ဖြစ်ပေမယ့် သူတို့ကိုယ်တိုင် ပုံပြင် တစ်ပုဒ်စီတော့ ထိုက်တန်ပါတယ်။ ဧရာဝတီအောက်ပိုင်းဒေသ က တြိဂံပုံစံသုံးပွင့်ဆိုင်အဖြစ် ပြည်မြို့က ထိပ်ဆုံး၊ အောက်ဘက် ဖို ခနောက်ဆိုင်ပုသိမ်မြို့နဲ့ အရှေ့ဘက်ရန်ကုန်တို့နဲ့ ကန့်သတ်ထားတယ်။ ဒီတြိဂံရဲ့ အောက်နားပင်လယ်ပြင်က 'အက်ဒမန်' 'ပင်လယ် (ကပ္ပလီ) ပင်လယ်ပြင်ဖြစ်တယ်။ ဒီတြိဂံနယ်ကထွက်တဲ့ ဆန်စပါးက ပြည်ပပို့ကုန် အဖြစ် ကမ္ဘာပေါ်က ကျန်နေရာတို့ထက် သာလွန်ပိုကဲစွာ တင်ပို့နေရ တယ်။ ဆက်သွယ်ရေးအဝဝက ဧရာဝတီအပေါ် လေးလေးပင်ပင် မှီခို နေပြီး လူတိုင်းဟာ ဆန်စပါးရဲ့ အလျှံပယ်ကြွယ်ဝတဲ့ ဘဝအပေါ်မှာ စားလိုက်၊ အိပ်လိုက်၊ အိပ်မက်မက်လိုက်နဲ့ အရသာခံနေကြတယ်။ လက်ရှိရာစုနှစ်အတွင်းမှာ ဒီဒေသရဲ့ကြွယ်ဝချမ်းသာမှုကြောင့် တစ်ပြည်

mgyoe.com

mgyoe.com


လုံးရဲ့ လူဦးရေထက်ဝက်နီးပါးလောက်ဟာ ဒီဧရာဝတီတြိဂံမြစ်ဝကျွန်း ပေါ်မှာ အမှီပြုနေထိုင်လျက် ရှိကြတယ်။

ရန်ကုန်ရဲ့ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ဟာ စစ်တောင်း မြစ်ဝကစပြီး သထုံအထိ ထိုမှဆက်၍ သံလွင်မြစ်ဝမော်လမြိုင်တစ်ဖက် ကမ်း မုတ္တမအထိ ကျယ်ပြန့်လှတယ်။ ဒီဒေသကို ရိုးရာအစဉ်အလာအရ 'တလိုင်း' လူမျိုး (မွန်လူမျိုးကို ရှေးက 'တလိုင်း' လို့ ခေါ်ကြပေမယ့် မွန်တို့ မကြိုက်နှစ်သက်သဖြင့် ယခုနောက်ပိုင်း မသုံးတော့ပါ) တို့ရဲ့ ဒေသဖြစ်ပြီး ပဲခူးမြို့ခေါ် ဟံသာဝတီမင်းနေပြည်တော် ပါဝင်ခဲ့တယ်။ (အင်းဝခေတ်က ဗမာမင်းက အထက်ဗမာပြည် အင်းဝမှာပဲ အုပ်ချုပ် လျက် မွန်–မြန်မာစစ်ပွဲ အနှစ် ၄၀ ဆင်နွှဲရပြီး အောက်ဗမာပြည်ကို ဟံသာဝတီ ဉဿာ ပဲခူးနေပြည်တော်မှာ မွန်ဘုရင် ရာဇာဓိရာဇ်၊ ရှင်စောပု တို့ မြန်မာသမိုင်းမှာ အထင်ကရ မွန်သူရဲကောင်းတွေနဲ့အတူ ကျော်ကြား ခဲ့တယ်။) သထုံမြို့က တစ်ချိန်က ပင်လယ်ဆိပ်ကမ်းမြို့တော်ဖြစ်ပြီး၊ (သုဝဏ္ဏဘူမိ နေပြည်တော်လို့ ထင်ရှားခဲ့ပြီး၊ ပုဂံမင်း၊ အနော်ရထာမင်း လက်ထက်ဗမာမင်း နေပြည်ထက်ပိုပြီး ကြွယ်ဝစည်ပင်ဖွံ့ဖြိုးပြီး မဇ္ဈိမ ဒေသက ဗုဒ္ဓသာသနာပြုရှင်အရဟံသထုံကို စတင်ရောက်ရှိရာက အနော် ရထာမင်းသုဝဏ္ဏဘူမိကို စစ်ချီသိမ်းပိုက်ပြီး အရှင်အရဟံကို ပုဂံကို ပင့် သွားရာက မြန်မာပြည်ကို ဗုဒ္ဓသာသနာ စတင်ဆိုက်ရောက်လာပါတယ်။ ပုဂံမင်းဆက်ရှည်ကြာခဲ့တာ ယခု ပုဂံဘုရားများက သက်သေပါပဲ။) ရှင်အရဟံရဲ့ ဗုဒ္ဓဘာသာက တရုတ်ဂျပန်တို့ရဲ့ ဗုဒ္ဓဘာသာ မဟာယာန မဟုတ်ဘဲ ဟိနယာန ဗုဒ္ဓအယူအဆ ဖြစ်ပါတယ်။ (လက်ရှိမြန်မာဗုဒ္ဓ ဘာသာဝင် အားလုံးတို့ ကိုးကွယ်ယုံကြည်တာက ဟိနယာန ဖြစ်ပါတယ်။) အဲဒီခေတ်က အနောက်တိုင်း "ဝိလျှံဧကရာဇ်မင်း" လက်ထက်နဲ့ ခေတ် ပြိုင် ဖြစ်ပါတယ်။ ဧရာဝတီတြိဂံနယ်မြစ်ဝကျွန်းပေါ်နဲ့ စစ်တောင်းမြစ်ဝှမ်း

mgyoe.com

mgyoe.com


ဒေသနှစ်ခုက ထွက်တဲ့စပါးက တစ်ပြည်လုံး ဆန်စပါးအားလုံးရဲ့ ၃ ပုံ ရှိတယ်။

ဗမာပြည်ရဲ့ ထူးခြားတဲ့နယ်ပယ်နှစ်ရပ်ရှိသေးတယ်။ အပူပိုင်းဇုန်ဖြစ်တဲ့ ယခုခေတ်အခေါ် မြေလတ်ပိုင်းက ပြည်မှ မန္တလေးအကြား ဧရာဝတီမြစ်ကမ်းနှစ်ဖက်ရှိ နယ်ပယ်အားလုံးကို ခေါ်တယ်။ ရေနံချောင်းနဲ့ ချောက်မြို့တွေက ရေနံတွင်းတွေ ပါဝင်တဲ့အပြင် ပုဂံညောင်ဦး ဘုရားပုထိုးနယ်မြေ၊ ပုပ္ပားတောင်ကလပ် (ရှေးရှေးက မီးတောင်ဖြစ်ခဲ့) စတဲ့ သမိုင်းကြောင်းကိုယ်စီ ရှိခဲ့တဲ့ နေရာတွေ ဖြစ်တယ်။ ဒီအပူပိုင်းဇုန်မြေလတ်ပိုင်းရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေက ဝရိဉာက်ကိုးခေါ် ဆေးရွက်ကြီး၊ ဝါဂွမ်း၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ကြံပင်နဲ့ အခြားသော ယာခင်းသီးနှံတွေ စိုက်ကြတယ်။ ဆန်စပါးအပြင် အဆိုပါ ယာခင်းထွက် သီးနှံတွေ စုံလှသမို့ ဗမာတွေဟာ ကိုယ့်ဟာကိုယ် ပြည့်စုံလုံလောက်တဲ့ ဘဝနဲ့ နေနိုင်ကြတယ်။ ဒီအပူပိုင်းဇုန်ဟာ မန္တလေးကို ကျော်လွန်ပြီး ရွှေဘိုနယ်အထိ ရောက်တယ်။ ရွှေဘိုဆိုတာ မြန်မာ့သမိုင်းမှာ ခေတ်ကြီး ၅ ခေတ် (ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်) အနက် နောက်ဆုံး ကုန်းဘောင် မင်းဆက်ကို စတည်ထောင်သူ 'အလောင်းဘုရားရဲ့ ဇာတိမင်းနေပြည်တော် ဖြစ်ခဲ့တယ်။ "ငါးမည်ရပြည်ရွှေဘို" လို့ စာဆို ရှိတယ်။ 'အလောင်းဘုရား' ရဲ့ ကုန်းဘောင်မင်းဆက်က သီပေါမင်းမှာ ဆုံးခန်းတိုင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရပါတယ်။

ဒီကနေ မြောက်တက် ဆက်သွားရင် တရုတ်နဲ့ အိန္ဒိယကြား မြစ်ကြီးနား မြောက်ဘက်နားက တြိဂံနေရာ ကျဉ်းကျဉ်းလေး ကချင်တို့ နယ်ထဲ ရောက်တယ်။ ဒီနေရာကို ဗြိတိသျှတွေတောင် ၁၈၈၅ ခု တစ်ပြည်လုံး မသိမ်းမီက မရောက်ဖူးခဲ့ဘူး။ ဂျပန်တွေတောင် ဆွန်ပရာဘွမ် အထက်ကို မရောက်ဖူးခဲ့ဘူး။ မြန်မာ့မီးရထား လမ်းဆုံးက ကချင် တောင်ကုန်းတွေနဲ့ ၁၄၅ မိုင် ဝေးကွာတယ်။

mgyoe.com

mgyoe.com

ဗမာပြည်ရဲ့ ရာသီဥတုက ပူအိုက်စွတ်စို၊ ဖုန်ထူ (မန္တလေး) နဲ့ ထူ (အောက်ဗမာပြည်) မုတ်သုံမိုးက မေလက အောက်တိုဘာထိ ရွာသွန်းတယ်။ ဘယ်လိုပဲရွာရွာ၊ မိုးတွင်းကာလက ပျော်စရာကောင်းပါတယ်။ လယ်ထွန်တဲ့ လယ်သမားမိသားစုတွေ အမေရောသမီးပါ ပျိုးကြဲကြ၊ ကောက်စိုက်ကြနဲ့ မိုးရာသီကုန်လို့ စပါးတွေမှည့်ရင်း စပါးနံ့တွေ ခြွေလှေ့ရာမှာလည်း မိသားစုတွေ တပျော်တပါးစုပေါင်းလုပ်ကြလို့ ပျော်စရာပါပဲ။

ဒီမိုးတွင်း (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) နောက်ပိုင်းသုံးလတာ ကာလက ဗုဒ္ဓဘာသာဝင်တို့အတွက် ဝါတွင်းဥပုသ်စောင့်တဲ့ကာလမို့ ဒီသုံးလမှာ လက်ထပ်ထိမ်းမြားခြင်းကို ဘာသာရေးအရ တားမြစ်ထားတယ်။

မိုးတွင်းရာသီမှာတော့ လမ်းတွေနဲ့ အနိမ့်ပိုင်းတွေ ရေလွှမ်းပြီး ရထားသံလမ်းတွေ ရေကျော်လို့ ရထားမခုတ်နိုင်၊ ကျွန်းသစ်တောထဲက "တောပုန်းကြီး" တွေ မြို့ပေါ်တက် ဆိုးခိုးတိုက်ခိုက်တတ်ကြတယ်။

ကိုလံဘိုနဲ့ မဒရပ်မြို့က ကြေးနန်းသတင်း အစီရင်ခံချက်အရ ရန်ကုန်ကလူတွေ ရာသီဥတုကို တစ်ရက်ကြိုတင်၊ တစ်ခါတလေမရွာခင် နာရီပိုင်းမှာ ခန့်မှန်းနိမိတ်ဖတ်နိုင်ကြတယ်။

အောက်တိုဘာလ ကျော်လာတော့ စပါးတွေ ရွှေအိုရောင်ရင့်မှည့်လာလို့ ရိတ်သိမ်းကြရတယ်။ စပါးတွေ ဈေးမှာ ရောင်းဖို့လှည်းတွေနဲ့ တင်ဆောင်။ လှည်းအုပ်စုလိုက် ချီတက်ကြတယ်။ ရောင်းချပြီး အပြန်မှာ ချူသံတလွင်လွင်ကြားမှာ အသပြာတွေ တချွင်ချွင်မြည်လို့ ပျော်ကြရတယ်။ တစ်မိုးတွင်းလုံး ပင်ပန်းထားသမျှ အမောပြေသွားချိန်ပါပဲ။

ဒီနောက်မှာ မြောက်ပြန်လေအေးတွေ တိုက်ခတ်တဲ့ ဆောင်းတွင်း အအေးကာလ ရောက်လာလို့ ညဘက်မီးလှုံကြရတယ်။ ဆောင်းတွင်းက

mgyoe.com

မတ်လလယ်အထိ ရှိပါတယ်။ ပူအိုက်မှုကို ရှောင်ဖို့ ဥရောပသားတွေက မေမြို့၊ တောင်ကြီးစတဲ့ တောင်ပေါ်တက် ကွန်းခိုကြတယ်။ ဒီတောင်ပေါ် ဒေသတွေနဲ့ ကလော၊ ပင်းတယတွေမှာ အပူချိန်က တစ်ရာတောင် မကျော်တတ်ဘူး။

ဂျပန်တွေ ဗမာပြည်ထဲ ကျူးကျော်လာရခြင်း အကြောင်းရင်း တစ်ချက်က ပူအိုက်တဲ့ရာသီကို ရှောင်ပုန်းဖို့လည်း ပါတယ်လို့ အဆိုရှိပါတယ်။

ဗြိတိသျှစစ်တပ်တွေ မြောက်ဘက်ကို တပ်ဆုတ်ခွာသွားကြတာ၊ ဗမာပြည်ရဲ့ အပူလောင်ဆုံးအပိုင်း (မန္တလေး) ထဲ အဆိုးဝါးဆုံး အခက်ခဲ အကျပ်တည်းဆုံး ဝင်တိုးကြရတာပါပဲ။

ဒါပေမဲ့ နောက်ဆုံးမှာတော့ ဂျပန်တွေက ဗမာပြည်မှာ လှုပ်ရှား စည်းရုံးဖို့ အကောင်းဆုံးရာသီကတော့ အောက်တိုဘာလကနေ မေလ အတွင်း ခြောက်လတာ ခြောက်သွေ့ရာသီပဲလို့ သိနားလည်သွားကြပါ တော့တယ်။ ။

❐

mgyoe.com

# အခန်း (၃)
# ရောဝတီ–ကျောက်မျက်ရတနာမြစ်ကြီး

ဗမာပြည်ထဲ ဂျပန်မဝင်ရောက်လာမီ ငြိမ်းချမ်းနေတဲ့နှစ်တွေမှာ ခရီးသွားများ ရန်ကုန်မြို့ကို ရောက်ရှိလာစဉ် ခေတ်မီဟိုတယ်ခန်းတွေမှာ ခေတ္တနားခိုနိုင်တယ်။ ဒီတိုင်းပြည်ကို ကြည့်ရှုရတာ ဘယ်လောက်အံ့သြဖွယ်ကောင်းကြောင်းကို "ဧရာဝတီရဲ့ သင့်အတွက် အကောင်းဆုံး အခွင့်အလမ်း၊ သင်္ဘောနဲ့ မိုင်တစ်ထောင်နီးပါး ရေလမ်းခရီးမှာ ရှေးဟောင်းအကျဆုံးနဲ့ ခေတ်သစ်ဗမာပြည်ကို နှစ်မျှောသွားနိုင်တယ်" လို့ ကြားရနိုင်ပြီး၊ "ဗမာပြည်ကို 'ဧရာဝတီ ဖလုပ်တီလာ ကုမ္ပဏီလီမိတက်' ရဲ့ သင်္ဘောဖြင့် လာရောက်ကြည့်ရှုလှည့်ပါ" ဆိုတဲ့ ခရီးသွားကြော်ငြာအကြံတွေ ရနိုင်ပါတယ်။ တကယ်တော့ မန္တလေးနဲ့ ဗန်းမော်အကြား၊ အထက်ဗမာပြည်ရေလမ်းခရီးက မုတ်သုံမိုးရာသီအတွင်း မိုးသက်လေပြင်းကျလှိုင်းထန်ပြီး၊ ရေဝဲဂယက်တွေ့လည်း ကမ်းခြေမှာ လှိုင်းရိုက်ခတ်ကမ်းပြိုကျလို့ သွားလာရေးမကောင်းတာကိုတော့ မကြော်ငြာထားပါဘူး။ ဒီမိုးတွင်းရေပြင်မှာ ရေကူးတော်လှသူ တစ်ယောက်တောင် ဝါးပြားလေး

mgyoe.com

mgyoe.com


လို မျောပါ ပျောက်ကွယ်သွားနိုင်သေးတယ်။ အကောင်းဆုံးက နွေရာသီ ရောက်လို့ ဧရာဝတီရဲ့ ဒေါမာန်တွေ ပြေးတဲ့အချိန်ထိ စောင့်ဖို့ပါပဲ။

သမိုင်းကြောင်း အချက်တွေအရ နယ်စပ် (တရုတ်ပြည်နဲ့) တစ်လျှောက် မှတ်တမ်းတွေ အလွယ်တကူတွေ့နိုင်တာကတော့ တရုတ်ရိုးရာ ဧရာမ ရွက်တွေနဲ့ သွားနေတဲ့ လှေကြီးဖောင်ကြီးတွေက ကမ္ဘာမှာ အကျယ်ပြန့်ဆုံး ဖောင်မျှောခရီးစဉ် (သူတို့ဖောင်လှေကြီးက ၃၂၆ ပေ ရှည်ပြီး၊ သဘောၤကေဗင်ခန်း ကောင်းကောင်းနဲ့ 'ကောင်းမေ့ဖိမ်ကျတဲ့ အစား အစာ' တွေပါ ရနိုင်တယ်လို့ ဆိုတယ်။) အဖြစ် လူမသိ ထင်မရှားစွာ ရှိနေပြီး စစ်အတွင်းကြောင့် ခုတော့ ပျောက်ကွယ်သွားပါပြီ။

ဧရာဝတီက ဗမာပြည်ရဲ့ဘဝလမ်းကြောင်းဖြစ်ပြီး စိတ်ကူးဆန်း ကြွယ်လှတဲ့ မြို့ပြယဉ်ကျေးမှုရဲ့ ပုခက်လည်း ဖြစ်တယ်။ ကြွယ်ဝတဲ့ ရေနံတွင်းတွေနဲ့ အောင်ပွဲခံတဲ့ ကျူးကျော်မှုတို့ရဲ့ လမ်းကြောင်း၊ ပုဂံဘုရား ပျက်တို့ရဲ့ ရှေးဗမာပုဂံသားတို့ရဲ့ နေပြည်တော်လည်း ရှိတဲ့၊ ဧရာဝတီဟာ သူ့ရဲ့ မွေးဖွားရာအရပ်ဖြစ်တဲ့ ဗမာပြည်မြောက်ဖျား တိဘက်နဲ့ တရုတ် အနောက်တို့ ပေါင်းဆုံရာ ဆီးနှင်း ထူထပ်ဖုံးလွှမ်းနေတဲ့ နယ်စပ် တောင်တန်း မြင့်မြင့်ကြီးတွေ မိုးထိအောင် တွေ့ရလို့ လူသူအရောက် အပေါက် နည်းလှတယ်။ တရုတ်နယ်စပ်ကစတဲ့ ဒီမြစ်ဟာ လမ်းတစ် လျှောက်မှာ မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း၊ ပုဂံ၊ ရေနံချောင်း၊ ပြည် ဆိုတဲ့ သမိုင်းကြောင်းရှိခဲ့တဲ့ မြို့ကြီးတွေနဲ့ တိုးတက်တဲ့ လက်ရှိခေတ်နဲ့ အတိတ်က ကိုယ့်မင်းကိုယ့်ချင်းခေတ်ကို မျက်မြင်သက်သေ ဖြစ်ခဲ့တယ်။ အောက်ဆုံးမှာ ရန်ကုန်မြစ်ရဲ့ မြေဩဇာ ကြွယ်ဝတဲ့ အပိုင်းနဲ့ ပေါင်းစပ်ပြီး၊ မြစ်ဝကျွန်းပေါ်တဲ့ဒေသမှာ ဧရာဝတီဟာ မြစ်ကြောင်းများစွာ ခွဲထွက်လာပြီး၊ ကပ္ပလီပင်လယ်ထဲကို မြစ်ဝကျွန်းပေါ် ပါးစပ်ပေါက်ကြီး ၉ ပေါက်နဲ့ စီးဝင်သွားပါတယ်။ ရန်ကုန်နဲ့ ပုသိမ်ပဲ

mgyoe.com

mgyoe.com


သမုဒ္ဒရာပင်လယ်ကူးသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တယ်။ ဧရာဝတီမြစ်တစ်ခုလုံးရဲ့ ရေပြင်ထုအားလုံးရဲ့ ၂၂ ရာခိုင်နှုန်းသာ ပင်လယ်ထဲကို မိုးသည်းထန်ဆုံးရွာတဲ့ ဩဂုတ်လတစ်လတည်း အတွင်းမှာ ဝင်ရောက်ပါတယ်။ သမုဒ္ဒရာထဲ စီးဝင်တဲ့ပမာဏ နည်းပေမယ့် ဧရာဝတီက အိန္ဒိယသမုဒ္ဒရာထဲ တစ်နှစ်အတွင်း ဝင်ရောက်ခဲ့တာတွေက အမေရိကန်ရဲ့ မစ္စစပီမြစ်ကြီး မက္ကဆီကိုပင်လယ်ကွေ့ထဲ စီးဝင်သလောက်ပါပဲ။

ပြီးခဲ့တဲ့ ၁၉ ရာစုခေတ်က ၁၈၇၀ တစ်ဝိုက်လောက်မှာ (အောက်ဗမာပြည်အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးချိန်) အင်းဝက ဗမာဘုရင် (မင်းတုန်းမင်း) က ရန်ကုန်က ရွှေတိဂုံစေတီကို ဖူးဖို့ အင်္ဂလိပ်အစိုးရ ခွင့်ပြုချက်နဲ့ ဧရာဝတီမြစ်အတိုင်း ဗမာသင်္ဘောနဲ့ စုန်ဆင်းလာခဲ့တယ်။ ကမ်းခြေတစ်လျှောက် ဗမာဘုရင်ကို ဗမာလူထုတွေ ကြွေးကြော်ဟစ်ကြွေးကြသံတွေက အမေရိကန် ဗုံးကြဲလေယာဉ်သံတွေထက်ရော၊ ဂျပန်ဗုံးကြဲလေယာဉ်သံတွေထက်ပါ ပေါက်ကွဲသံမက ကျယ်လောင်လွန်းလှတာမို့ လက်စားချေတော့မယ့် အရိပ်နိမိတ်တွေ ကဲနေပါတော့တယ်။ ကမ်းနဖူးနှစ်ဖက်စလုံးပေါ်က ရွာသူရွာသားတွေက တောက်ပပြောင်လက်နေတဲ့ ဝတ်ရုံတွေနဲ့ ဝါးတဲတွေ၊ သက်ငယ်တဲတွေအပြင် ကမ်းနဖူးအပြည့် ပုဆစ်တုပ် ထိုင်ကန်တော့နေကြပုံက သူတို့ ဘုရင်အပေါ် ဘယ်လောက်လေးစားအားကိုးကြောင်း ပြလိုက်တာပါပဲ။ မီးသင်္ဘောပေါ် လိုက်ပါလာတဲ့ လျှို့ဝှက်ဆန်းကြယ်ခရီးသည်ကြီးကို ငေးမောနေကြလေရဲ့။ ကျွန်ဘဝရောက် အရိုင်းလူသားတွေရဲ့ရင်ထဲက ထကြွလိုစိတ်တွေ တိတ်တဆိတ်အုံကြွလာပုံပါပဲ။

ဧရာဝတီ ဆိုတဲ့ နာမည်ကို ပါဠိဘာသာက ယူတာဖြစ်ပြီး အဓိပ္ပာယ်က "ကြီးမားတဲ့နေရာ" လို့ ရပါတယ်။ သူ့ရဲ့လမ်းတစ်လျှောက် ကျော်ကြားတဲ့ တောင်ကြားမြစ်ကျဉ်းကြီး ၃ ခု ရှိပါတယ်။ ပထမမြစ်ကျဉ်း

mgyoe.com

mgyoe.com


က မန္တလေးအထက်မိုင် ၆၀ အကွာဖြစ်ပြီး ဒုတိယမြစ်ကျဉ်းက ရွှေဂူနဲ့ ဗန်းမော်ကြားဖြစ်တယ်။ တတိယမြစ်ကျဉ်းက မြစ်ကြီးနားအောက်ဘက် မိုင် ၆၀ အကွာဖြစ်ပြီး ပထမက မတ်စောက်တဲ့တောင်ကြားလမ်းမှ မြစ်ရေ စီးဆင်းမှုက သူ့အကန့်အသတ်တွေကို ကျဉ်းကျဉ်းမြောင်းမြောင်း တစ်ဟုန်ထိုး စီးဖြတ်ရလို့ မှတ်သုံ့ရာသီမှာ ရေစီးသံဟာ ဧရာမသစ်စက် ပြေးသံ ဘီလူးအော်သံထွက်နေပါတယ်။ နောက်က ကျွန်းသစ်တောကို နောက်ခံထားပြီး ရှေ့က ချုံနွယ်ချုံပုတ်တွေ ပိတ်ထားပြီး၊ မထိုးမပေါက် နိုင်တဲ့ မရေမတွက်နိုင်တဲ့ နွယ်ကြိုးလုံးတွေနဲ့ ဝါးတောတွေက ကမ်းခြေ တစ်လျှောက်မှာ တွေ့ရပါတယ်။

အလယ်မြစ်ကျဉ်းကို ဝင်လာတော့ ထူထပ်ပေါများလှစွာ ပေါက် နေတဲ့ သစ်ပင်တွေက မြစိမ်းရောင်မှာ ရွှေရောင်တွေ ယှက်သန်းနေတယ်။ တောင်ကုန်းတွေက ပိုမြင့်မားလာပြီး ပို၍ပို၍ နီးကပ်လာတယ်။ သစ်ရနံ့ တွေက ရေနံ့နဲ့ ရောနေတယ်။ ကျောက်ဆောင်တွေ ထူထပ်ပေါများပြီး ကျောက်ဆောင်တစ်ခုအပေါ်မှာ စေတီတစ်ဆူကိုပင် တွေ့ခဲ့ကြရတယ်။ ဒုတိယမြစ်ကျဉ်းမှာ "ဝိလာသာ" ရဲ့ ကျောက်ဆောင်ဟုရေးထိုးထားတာ တွေ့ရလျှက် ရိုးရာအရ "ချစ်သူများ ခုန်ချရာနေရာ" ဖြစ်နေပါတယ်။

မန္တလေးမြို့အရောက် ဧရာဝတီရဲ့ ဝဲယာမှာ ဝါးတောများ၊ လယ် ကွင်းများတွေ့လာရတယ်။ အမရပူရ၊ အင်းဝ၊ စစ်ကိုင်းကိုရောက်လာရာ တွင် အင်းဝတံတားကို တွေ့ရတယ်။ အင်းဝတံတားကို ၁၉၃၄ ခုက ဆောက်လုပ်ခဲ့ပြီး (ဂျပန်အဝင် အင်္ဂလိပ်များဆုတ်ခွာစဉ်က ဗုံးခွဲဖျက်ဆီး ပစ်ခဲ့တယ်) ဧရာဝတီမြစ်ကူးတံတားဆို၍ ဒီတံတားပဲ ရှိခဲ့တယ်။ တံတား ကို ဖြတ်၍ စစ်ကိုင်းတောင်ပေါ်မှာ ဘုရားပုထိုးများနဲ့ ဘုန်းကြီးကျောင်း များကို မြင်ရသည်မှာ သူတို့ဘုရင်များကို ဧရာဝတီက အမှတ်ရနေသလို ရှိပါတယ်။

mgyoe.com

mgyoe.com


အင်းဝရဲ့အနောက်တောင်ဘက်မှာ ဧရာဝတီက ရေလယ်ကျွန်းများနဲ့ ပြည့်နေတဲ့ ချင်းတွင်းမြစ်နဲ့ ပေါင်းစုံတယ်။ ချင်းတွင်းဟာ မိုင် ၅၀၀ မျှ ရေကြောင်းသွားလာနိုင်ပြီး မြောက်ဘက်အိန္ဒိယပြည်ဘက်မှ မြစ်ဖျားခံလာခဲ့တယ်။ ထူးဆန်းတဲ့လူမျိုးစုများ (ချင်းနဲ့နာဂမျိုးနွယ်) နေထိုင်ကြပြီး သူတို့က ဝေးလံခေါင်ပါးပြီး လူသူမရောက်နိုင်တဲ့နေရာမှာ ပုန်းအောင်းနေနိုင်ရင် သေမင်းကိုပင် လွတ်အောင် ရှောင်နိုင်ကြောင်း ယုံကြည်ရင်းစွဲရှိကြတယ်။

ဧရာဝတီရဲ့ နေဝင်ဆည်းဆာရေပြင်ထက်မှာ ပုဂံရဲ့ကျော်ကြားတဲ့ အာနန္ဒာဘုရားရဲ့အရိပ်ကို ဖူးတွေ့ရပါတယ်။ ထိုမှဖြတ်ကာ ရေနံတွင်းများ ပေါများတဲ့ချောက်နဲ့ ရေနံချောင်းမြို့များသို့ ရောက်လာတယ်။ အင်္ဂလိပ်က ဂျပန်တက်လာတော့ ထိုရေနံများ မီးရှို့ဖျက်ဆီးခဲ့သေးတယ်။ ထိုမှ မိုင် ၁၄၀ စုန်ဆင်းလာရင် မြေဩဇာကောင်းတဲ့ ပြည်မြို့နယ်သို့ ရောက်ပါတယ်။ ထိုနေရာမှစကာ စပါးခင်းများလယ်ကွင်းများ တောက်လျှောက်တွေ့ရတာ ရန်ကုန်သို့ ရောက်တဲ့တိုင်အောင်ပင် ဖြစ်တယ်။ ရန်ကုန်ကိုတော့ ဧရာဝတီမှ တွံတေးတူးမြောင်းဖောက်ပြီး ဝင်ရပါတယ်။ ဒီနေရာမှာ ဧရာဝတီက မစ္စစပီနဲ့တူလှစွာ မြစ်အိုကြီးဘဝရောက်နေတယ်။ ကမ်းခြေများက တိမ်လာကာ ရွာများက ကြွေကွဲမှုနှောင်ကြိုးမှ ကြောင်မှိုင်မှိုင်သလို ရှိလှတယ်။ သို့ရာတွင် ဗမာတွေ ဗုဒ္ဓဘာသာပီသစွာ မြေပေါ်က ပျောက်ဆုံးရမှု မှန်သမျှ နတ်ပြည်မှာ အကျိုးအမြတ် ရဖို့သာပင်။

ထိုမြစ်ဝဒေသမှာ ပင်လယ်ဒီရေ အတက်အကျနဲ့အတူ စည်းချက်ကျစွာ လှော်ခတ်နေတဲ့ ရွာသားများရဲ့သမ္ဗန်များ ပလူပျံအောင် တွေ့ရတယ်။ ဒီနေရာကတော့ ဧရာဝတီရဲ့ စီးပွားရေးကို ဝေမျှမခံစားရပါဘူး။ အတိတ်က ယင်းရဲ့ အောင်ပွဲများကို တောင်ငူ၊ ရွှေကျင်၊ ရှေးဟောင်းပဲခူးနဲ့ သထုံမြို့တို့က အများစု ခံစားခဲ့ကြရတယ်။ အဲဒီမြို့ ၄ မြို့ ခံစားရတာ
mgyoe.com

mgyoe.com


စစ်တောင်းမြစ်ဝှမ်းလည်း ပါတယ်။ ဒီစစ်တောင်းမြစ်ဝက မုတ္တမပင်လယ်ကွေ့ ထိပ်တည့်တည့်ဖြစ်နေလို့ ပင်လယ်ဒီရေအတက်နဲ့ တစ်ဟုန်ထိုးရေစီးသန်လှတဲ့ စစ်တောင်းမြစ်တို့ ထိပ်တိုက်တွေ့ကြလို့ ကြီးမားတဲ့လှိုင်းတံပိုးတွေ ပြင်းထန်လှပြီး စက်တင်ဘာနဲ့ မေကကြားမှာ အဖျက်သဘော ဒေါမာန်တွေ ထန်လှပါတယ်။ "သူ့ရဲ့အသံတွေ ကျယ်လောင်ပြင်းပြလွန်းတာ မြေငလျင်လှုပ်နေသလား ထင်ရတယ်" လို့ ၁၅၆၇ ခုရှေးရှေးက အလည်ရောက်ခဲ့တဲ့ ဗင်းနစ်မြို့သား တစ်ယောက်က မှတ်ချက်ချခဲ့တယ်။

သမိုင်းကြောင်းအရ ဒီမြစ်က မျက်မြင်သက်သေဖြစ်ခဲ့တာ တစ်ခု ၁၉၄၂ ခု ဂျပန်က မော်လမြိုင်ဘက်က စတင်ကျူးကျော်လာစဉ်က ဖြစ်ခဲ့တယ်။ စစ်တောင်းအောက်ဘက်ကို ဂျပန်တွေထိုးစစ်ဆင်တော့ တော်မီဂန်းသေနတ်တွေနဲ့ ဗြိတိသျှတပ်တွေ ဆုတ်ခွာစဉ် သူ့ရဲ့ဂေါ်ရခါးတပ်သားတွေက စစ်တောင်းမြစ်ရဲ့ ဘယ်ဘက်ကမ်းနဲ့ ညာဘက်ကမ်းကိုအတွက်မှားပြီး (သူတို့ကိုယ်သူတို့ ပဲခူးဘက်ကမ်း ရောက်နေတယ် ထင်ပြီး) စစ်တောင်း တံတားကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့တာဟာ ကိုယ့်သေတွင်းကိုယ် တူးမိသလို ဖြစ်ရတယ်။ ဗြိတိသျှဘုရင်ရဲ့ ယောခ်ရှိုင်းရာ ခြေလျင်တပ်သားတွေနဲ့ မြို့စားကြီး ဒူ့ဝဲလင်တန်ရဲ့ တပ်သားတွေ မြစ်ထဲခုန်ချပြီး လက်ပစ်ကူးပြေးရတယ်။ မြစ်က တချို့နေရာမှာ ကိုက် ၈၀၀ တောင်ကျယ်တယ်။ ဂျပန်ရဲ့ စက်သေနတ်ကျည်ဆန်တွေ ရှောင်ရလို့ ခေါင်းတွေမဖော်နိုင်ဘဲ ရေငုပ်ပြေးရတဲ့ အင်္ဂလိပ်စစ်သား ရာပေါင်းများစွာရဲ့အဖြစ် "ဒန်းကပ်" တိုက်ပွဲကို သတိရစရာ ဖြစ်ရတယ်။ နောက်ပိုင်းတပ်ပြန်စုဆက်တိုက်ပေမယ့် စိတ္တဇ ဖြစ်သွားရတဲ့ အင်္ဂလိပ်တပ်သားတွေဟာ ညဘက်တွေမှာ သူတို့ရဲ့ ရဲဘော်သူငယ်ချင်းတွေရဲ့ အော်သံတွေ စူးစူးဝါးဝါး ကြားယောင်ပြီး လန့်လန့်နိုးကြတယ်။

mgyoe.com

mgyoe.com


သံလွင်မြစ်က အာရှတစ်တိုက်လုံးမှာ အရှည်ဆုံး မြစ်တွေထဲက တစ်စင်းဖြစ်တယ်။ ဘယ်တော့မှ စူးစမ်းလေ့လာလို့မရတဲ့ မြစ်ပါပဲ။ အင်္ဂလိပ်အရာရှိတွေက မမျှော်လင့်ဘဲ မထော်တဆနဲ့ ဒီမြစ်ရှိမှန်း သိခဲ့ကြတာပါ။ စပါးကြီးမြွေတွေ၊ ကျားတွေ၊ ကျားသစ်တွေ ပေါများလွန်းတဲ့ အပြင် လိုဏ်ဂူတွေက မကောင်းဆိုးဝါး ကျောက်စက်ပန်းဆွဲတွေ ခေါင်းပေါ်မှာ အစီအရီစိတ်ချောက်ချားဖွယ်ရာ တွေ့ရတယ်။ ကျောက်လိုဏ်ဂူတွေရဲ့ ကျောက်သားအက်ကြောင်းတွေက ဘယ်လောက်နက်သလဲဆိုရင် ခဲလုံးများ ပစ်ချလိုက်ရင်း ဘေးနှုတ်ခမ်းတွေသာ တိုက်သွားတဲ့ အသံကြားရပြီး အောက်အထိ ကျသွားသံ မကြားရဘူး။ ဒီဒေသမှာ အများစု ကရင်လူမျိုး၊ ကရင်နီတွေနဲ့ ယိုးဒယားတွေနေကြတယ်။ ဒီနေရာမှာ တစ္ဆေချောက်တတ်ကြောင်း အစွဲရှိကြတယ်။ အင်္ဂလိပ်လူမျိုး ရွက်ဖျင်တဲထိုးလာအိပ်ကြတာ မနက်မိုးလင်းကြောင်စီစီနဲ့ လန့်နေတာ ရှင်းပြလို့ မရကြဘူး။

သံလွင်မြစ်ဖျားခံရာ အရပ်ရဲ့ လျှို့ဝှက်ချက်ကို တိဘက်တွေက စောင့်ကြပ်တယ်လို့ ဆိုတယ်။ ဒီမြစ်မွေးဖွားစဉ်က မွန်ဂိုနဲ့နွှယ်ခဲ့တယ်။ မဲခေါင်မြစ်၊ ယန်စီမြစ်တို့နဲ့ မိုင် ၅၀ အတွင်း ဧရာဝတီမြစ်ဖျားနဲ့အပြိုင်စစီးဆင်းခဲ့တယ်။ မတ်စောက်တဲ့ချောက်ကမ်းပါးလျှိုမြောင်တွေဟာ ပေ ၉၀ အထိ နက်ရှိုင်းတတ်တယ်။ တရုတ်တွေက "မြစ်ရူး" လို့ နာမည်ပေးကြတယ်။ သံလွင်မြစ် ဗမာပြည်ထဲကို ယူနန်ခရိုင်က စဝင်တယ်။ ရှမ်းပြည်မြောက်ပိုင်း အရှေ့မြောက်ထောင့်နေရာပါ။ နောက်ဆုံး ကရင်ပြည်နယ်ထဲဝင်တော့ ဗမာပြည်နဲ့ ယိုးဒယားပြည်နယ်ခြားမျဉ်းအနေနဲ့ သံလွင်မြစ်က မိုင် ၈၀ လောက်ခြားပေးပါတယ်။ ဒီနေရာ မိုင် ၈၀ က နိုင်ငံတကာ နယ်နိမိတ်ပါပဲ။ ရှမ်းပြည်နယ်ကတော့ ဒီအားကောင်းမောင်းသန်မြစ်ကို အိမ်နီးချင်းနိုင်ငံတွေနဲ့ ခြားထားတဲ့ အတားအဆီးလို

mgyoe.com

mgyoe.com


သဘောထားပါတယ်။ ရေစီးသန် မရပ်မနား ဝရုန်းသုန်းကားနိုင်တဲ့ ဒီမြစ်ရဲ့ကမ်းပါးတစ်လျှောက်မှာ ဘယ်မြို့ဘယ်ရွာမှ မရှိပါဘူး။ နောက်ဆုံး မုတ္တမနဲ့ မော်လမြိုင်ကြားကနေ ပင်လယ်ထဲ ၁၀ မိုင်လောက်စီးဝင်သွားတယ်။ စုစုပေါင်းမိုင် ၂၅၀၀ လောက်ခရီးမှာ သူတောင်းစားအန်တုသလို လေ့နည်းနည်းပဲ လိုက်ပါစီးခွင့်ရတယ်။ ရေနွေးငွေ့သင်္ဘောတွေက ဒီမြစ်ထဲမော်လမြိုင်က ၆၄ မိုင်အကွာ ရွှေဂွန်းအထိပဲ မောင်းနိုင်ကြတယ်။ ကံကောင်းရင်တော့ မော်တော်ဘုတ်ကလေးတွေ ခက်ခက်ခဲခဲနဲ့ နောက်ထပ် မိုင် ၂၀ စာပဲကမမောင်း အထိ သွားလို့ရတယ်။

❐

mgyoe.com

mgyoe.com

## အခန်း (၄)
## ဗမာလူမျိုး-အရှေ့တိုင်းရဲ့ အိုင်းရစ်လူမျိုး

*"ဗမာလူမျိုးဆိုတာ ဘာသာရေးကိုင်းရှိုင်းတဲ့ တိရစ္ဆာန်တွေပါပဲ။ ဒီနှစ်ပိုင်းစလုံးမှာ လေးနက်ကြပါတယ်"*

*"ဘုန်းတော်ကြီး ဒေါက်တာကော့ဂရန်"*

လန်ဒန်က အရှေ့အိန္ဒိယကုမ္ပဏီ (သစ်ကိစ္စရန်စပြီး ဗမာပြည်ကို သိမ်းစေသူ) မှာ "ဆာကလီးမင့်ဟင်ဒလေ" မိန့်ခွန်းပြောကြားစဉ် ဗမာ လူမျိုးတွေဟာ ဗြိတိသျှအင်ပိုင်ယာတစ်ခုလုံးမှာ ချစ်ဖွယ်အကောင်းဆုံး လူတွေဖြစ်နိုင်တယ်လို့ ဖော်ညွှန်းခဲ့တယ်။ ဒီစကားက ကြားကြားချင်း မှာတော့ အမှန်နဲ့ ကွာလှမ်းတဲ့အလဟဿချဲ့ကားတာ သက်သက်ပဲလို့ ထင်စရာရှိတယ်။ ဒီလူကြီးလူကောင်းတွေက ကံကြမ္မာ ဘယ်လိုပျောက် ဆုံးပစေ မေ့ပစ်ပြီး ကြံဖန်ပျော်သလိုနေတတ်ကြသူတွေဖြစ်တယ်။ ဘယ် လိုပဲဖြစ်ဖြစ် ဗမာလူမျိုးဟာ အနာဂတ်အကြောင်းတွေးတောမပူပင်တတ် သူတွေလို့ ဝန်ခံရမှာဖြစ်တယ်။ သူတို့ဟာ အမေရိကန်ဌာနေရက်အင်ဒီး ယန်း လူနီရိုင်း "ချေရိုးကီးအင်ဒီးယန်း" တွေနဲ့ များစွာဆင်တူနေပြီး ဒီ

mgyoe.com

mgyoe.com


ရက်အင်ဒီးယန်းတွေ "အုတ်ကလာဟိုးမား" လယ်ယာတောမှာ ရေနံတွင်း သစ်တွေ ရှာဖွေတွေ့ရှိခဲ့ကြတာ ဖြစ်တယ်။ ဗမာတွေလည်း ရေနံတွင်းတွေ ဝမ်းမြောက်သွားတဲ့အထိ အခြေအနေကောင်းနေဦးမှာ ဖြစ်တယ်။

ဗမာလူမျိုးအကြောင်းများစွာပြောကြရာမှာ အရှေ့တိုင်းဆန်ဝါယ်တို့၊ တိဘက်တွေ၊ ယိုးဒယားတွေ တရုတ်တွေနဲ့ လူမျိုးချင်းဆင်တူတယ်တို့ စတာတွေပါဝင်တယ်။ အရုပ်အမောင်းအလောတော်ရှိပြီး တောသားတွေက မြို့သားတွေထက် ပိုအားကောင်းပြီး ကြွက်သားတွေ ကြီးမားတတ်ကြတယ်။ မြို့သားဗမာတွေက ဥရောပအချိုမှုန့်တွေ ကြိုက်တတ်ပြီး အနောက်တိုင်းဟင်းလျာတွေ ခံတွင်းတွေ့တတ်တယ်။ အတိတ်က ဗမာဘုရင်တွေရဲ့ အောင်ပွဲတွေကို အမှတ်တရစွဲလမ်းနေတတ်ပြီး ရှေးဗမာစစ်တပ်တွေ၊ ဘန်ကောက်ကနေ၊ ဗြဟ္မပုတ္တာရအထိ ချီတက်ခဲ့ပုံတွေ (အလောင်းမင်းတရားနဲ့ ဆင်ဖြူရှင်တို့) အမှတ်တရ ရှိတတ်တယ်။ ပြင်ပကမ္ဘာနဲ့ ပတ်သက်တဲ့ အတွေ့အကြုံနည်းပါးပြီး ကိုယ့်ဟာကိုယ် ကြွားဝါလို့ ကိုယ့်ဘဝကိုယ့်ရေမြေနဲ့ ကိုယ်နေရတာကိုပဲ ကျေနပ်နေသူတွေဖြစ်ကြတယ်။ ခရီးထွက်ခဲတဲ့သူတွေပါပဲ။

ဗမာ့စိတ်အတွင်း ဘာတွေနဲ့ မွမ်းမံထားမှန်း ဘယ်သူမှ များများ မသိကြဘူး။ ခနနဲ့ ဗမာပြည်ရဲ့ အရေးပါမှုတွေနဲ့ ပတ်သက်လို့ ချဲ့ကားတွေးတဲ့ အယူအဆမျိုးထားတတ်တယ်။ ဘဝရဲ့လက်တွေ့ ဒိဋ္ဌတရားအပေါ်မှာ အများကြီးဂရုစိုက်ဖို့ကိုတော့ နည်းနည်းပဲ ရွှေ့ပြောင်းပစ်တတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ဟာ အားကောင်းကောင်းနဲ့ လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်စွမ်းတွေရှိကြပြီး ဒီအလုပ်ကို အကျိုးရှိရှိလုပ်ဖို့ စဉ်းစားရင်း ကာယလေ့ကျင့်ခန်းတွေ များစွာလုပ်တတ်ကြတယ်။

မြို့သားဗမာလူကြီးလူကောင်းတွေက အရောင်တောက်ပပြောင်လက်တဲ့ အဝတ်တွေဝတ်တတ်ပြီး ဥရောပဖိနပ် (ရှူးဖိနပ်၊ ဘွတ်ဖိနပ်)

mgyoe.com

mgyoe.com


တွေ စွဲစွဲလမ်းလမ်း ကြိုက်နှစ်သက်ကြတယ်။ အနောက်တိုင်း ယဉ်ကျေးမှုရဲ့ ဇိမ်ခံစရာ အားလုံးကို ကြိုက်ကြတယ်။ "ဒါတွေ ဘယ်လို ထုတ်လုပ်တာပဲ" တို့၊ "ဒါတွေအတွက် ဘယ်သူက ပေးမှာလဲ" တို့ ဆိုတဲ့ မေးခွန်းတွေ သူတို့ခေါင်းထဲ ဒုက္ခခံပြီး တွေးမနေတတ်ဘူး။

ဗမာတွေရဲ့ ပကာသနဟာ ရုပ်ပိုင်းအလှတရားအပေါ် အမြတ်တနိုးထားမှုကို ဖော်ပြနေတယ်။ ခန္ဓာကိုယ်အရေပြားမှန်သမျှ ချောမွေ့နေရမယ်လို့ အယူရှိတယ်။ နူတယ်ဆိုရင် လုံးဝ လူဖြစ်ရှုံးတယ်လို့ သတ်မှတ်ခံရတယ်။ ဒုက္ခိတဖြစ်သွားတာနဲ့ ဘယ်သူမှ အလုပ်မပေးတော့ဘူး။ လူမှုရေး ဘာသာရေးတွေကနေ အကုန် ပစ်ပယ်ဆေးဖော်ကြောဖက်မလုပ်ကြဘူး။ ကိုယ်လက်အင်္ဂါအားလုံး အကောင်းပကတိရှိနေဖို့ကို အသက်တမျှ တန်ဖိုးထားကြတယ်။ ဂျပန်စစ်အတွင်း တိုက်ပွဲမှာ ဒဏ်ရာတွေ ရလာကြတဲ့ လူနာတွေကို မလွှဲသာလို့ အသက်ရှင်ရေးအတွက် ပေါင်ဖြတ်လက်ဖြတ်ရတော့မယ်ဆိုရင် ကာယကံရှင်လူနာကိုယ်တိုင် ငြင်းဆန်တတ်ကြတယ်။ ခွဲစိတ်ကုသခံရမှာလည်း သေမလောက် ကြောက်တတ်ကြတယ်။ ဆေးရုံတွေ ဒီပြဿနာမျိုးတွေ အမြဲကြုံရတယ်။

ရှေးဗမာတွေမှာ ကိုယ်ရေးကိုယ်တာ မြတ်နိုးမှုတစ်ခုလည်း ရှိသေးတယ်။ ၁၅၀၀ မတိုင်မီက ရှေးဗမာတွေ ထိုးကွင်းမင်ကြောင်ထိုးတတ်ကြတဲ့ အလေ့အထအကြောင်းကို အဲဒီခေတ်ရဲ့ ဧည့်သည်ဗင်းနစ်မြို့သား "နီကိုလိုဒီကွန်တီ" က ခုလို မှတ်တမ်းတင်ခဲ့တယ်။ "ယောက်ျားရောမိန်းမတွေပါ ထိုးကွင်းထိုးဖို့ ကိုယ်ရဲ့ အရေပြားတွေမှာ သံချောင်းတွေနဲ့ အနာခံပြီး ဆေးခြယ်ကြတယ်"

ဗမာတွေဟာ ဒီထိုးကွင်းမင်ကြောင်ထိုးတာကို လည်ပင်းအောက်က စလို့ ပေါင်းလာယ်(ဒူးခေါင်းအထိ) ရောက်အောင် ထိုးတတ်ကြတယ်။ လူငယ်ယောက်ျားမှန်ရင် ထိုးကွင်းထိုးထားမှ ယောက်ျားပီသတယ်လို့

mgyoe.com

mgyoe.com


သတ်မှတ်ပြီး ထိုးကွင်းမရှိ ပြောင်ချောနေရင် မိန်းမဆန်တယ် ထင်ကြတယ်။ ထိုးကွင်းမင်ကြောင်မှာ ဒီဇိုင်းအမျိုးမျိုးကဗျာ၊ လင်္ကာတွေအပြင် ဂမ္ဘီရမှော်ဆန်ဆန်ဖန်တီးရေးထိုးကြတာတွေကို လက်မောင်းအိုးအတွင်း အပြင်၊ ရင်ဘတ်နဲ့ ပေါင်တံတွေမှာ တွေ့ရတတ်ပါတယ်။ ဒီလုပ်ငန်းမှာ ရှမ်းတွေက ကျွမ်းကျင်ပြီး ကျည်ဆန်ပြီး တုတ်၊ ဓားပြီးတယ်လို့ အယူသီးကြတယ်။ ၁၉၃၁ ခုမှာ စတင်တဲ့ လယ်သမားသူပုန်ထမှု (ဆရာစံအရေးတော်ပုံ) ဒီထိုးကွင်းထိုးတာတွေ များပြားလွန်းပြီး ကျည်ပြီးတယ်လို့ အယူရှိကြတယ်။

ဗမာ့လူဦးရေက ၁၇ သန်းကျော်ရှိပြီး ဗမာလူမျိုးသက်သက်က ၁၀ သန်းရှိပါတယ်။ သူတို့က ဧရာဝတီမြစ်ဝှမ်း ချင်းတွင်းအောက်ပိုင်းနဲ့ စစ်တောင်း၊ မော်လမြိုင်တို့မှာ အနေများကြတယ်။ တနင်္သာရီအောက်ပိုင်း ထားဝယ်၊ မြိတ်ကျွန်းစုဒေသက ဗမာနဲ့ ကွဲပြားခြားနားတဲ့ အပြောအဆို၊ သဘောထားတွေ ရှိကြတဲ့အကြောင်းရင်းကတော့ ယိုးဒယား၊ မလေးလူမျိုးတွေ အနေနီးစပ်လွန်းပြီး သွေးပါရောနေလို့ ဖြစ်ပါတယ်။

တနင်္သာရီက ရော်ဘာနဲ့သံဖြူထွက်ပါတယ်။ ဒီဒေသမှာ တရုတ်၊ ယိုးဒယားနဲ့ အိန္ဒိယရွှေ့ပြောင်းအခြေချတွေက ဒေသခံတွေနဲ့ ရောနှောနေထိုင်ကြတယ်။ တနင်္သာရီမြောက်ပိုင်း သထုံအနီးမှာ တလိုင်း (မွန်) တွေ ထောင်ပေါင်းများစွာ တွေ့ရပြီး ဟံသာဝတီမင်းနေပြည်တော် ပဲခူးက အစဉ်အဆက်ဆက်ခံလာတဲ့လူတွေဖြစ်တယ်။ သူတို့က အလွန်ချစ်စရာကောင်းပြီး ဗမာတွေထက်တောင်မှ ပိုသည်းခံစိတ်ရှည်ပြီး အသိဉာဏ်ပိုရှိ၊ ကိုယ်နှုတ်အမူအရာပိုရည်မွန်ကြပါတယ်။

၁၉၀၁ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာမှာ "ကျွန်ုပ်တို့ သိရသမျှ ဗမာတွေက ရွှေ့ပြောင်းအခြေချသူတွေ မဟုတ်ကြဘဲ လုပ်ငန်းမကျန၊ တာဝန်မယူတတ်သူ သတ္တဝါတွေ၊ စနစ်တကျ အားမထုတ်တတ်

mgyoe.com

mgyoe.com


သူတွေ၊ အနည်းဆုံးရသလောက်နဲ့ပဲ ကျေနပ်နေသူတွေ ဖြစ်တယ်" လို့ ဆိုထားတယ်။ ဒီဖော်ပြချက်က လက်တွေ့သဘောအရ မမှန်ပါဘူး။ (ဗမာတွေဟာ တိုင်းတစ်ပါးရဲ့ ကျွန်ဘဝမှာ နေနေရတဲ့ ကိုယ့်လူမျိုးတွေရဲ့ အဖြစ်ဆိုးကို သားစဉ်မြေးဆက်မမေ့နိုင်ကြသမို့) ဗမာတွေဟာ နိုင်ငံခြားသားတွေဆီက သီးနှံတွေ စိုက်ပျိုးရိတ်သိမ်းပေးဖို့၊ စာတိုက်တွေ၊ ရထားလမ်းတွေ ခုတ်မောင်းပေးဖို့ ထုတ်ကုန်သွင်းကုန် ပို့ကုန်တွေလုပ်ပေးဖို့၊ သတ္တုတူးဖို့ ရေ်ဘာ၊ ဝွမ်းတွေထုတ်ဖို့ ဟင်းရွက်ဆီ၊ မြေပဲဆီတွေ ဈေးကွက်တင်ရောင်းဖို့ စတာတွေကနေ ဘာအကျိုးအမြတ်မှ ရလိမ့်မယ်လို့ မမျှော်လင့်ထားကြပါဘူး။ ဆန်စက်စပါးစက်တွေမှာ လုပ်ရသမျှ ကိုယ့်ကိုယ်ကိုယ်စက်ရုပ်လို့ပဲ သဘောထားကြတယ်။ ဒီကျွန်ဘဝက ပြန်လည်လန်းဆန်း ကိုယ့်စိတ်ကို ကိုယ်ဖြေတဲ့အနေနဲ့ ထူးခြားပြောင်မြောက်တဲ့ ဟာသဉာဏ် ဇဝနဉာဏ်တွေ ပေါ်လာတတ်တယ်။ စိတ်နှလုံးပေါ့ပေါ့ ပါးပါးဟန်နဲ့ဟာသနှောပြောနေတတ်ပေမယ့် အတွင်းစိတ်က ခေတ်ကို သရော်ပြီး အရွဲ့တိုက်တဲ့သဘောတွေ ရှိနေတယ်။

တကုတ်ကုတ်နဲ့ တပင်တပန်း ချွေးတလုံးလုံး လုပ်နေပေမယ့် ဦးညွတ်လိုတဲ့ ရည်ရွယ်ချက်မရှိဘူး။ ဒီဘဝကြီးရဲ့အရာကိစ္စတွေကို ဂရုမထားတဲ့ သဘော ရှိတယ်။ "ဘယ်လောက်ပဲ အသက်ရှည်ရှည် အကောင်းဆုံးဆိုတာ မရှိပါ" ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပုံရပါတယ်။ 'ဘုရားဒကာ၊ ကျောင်းဒကာ' ဖြစ်ဖို့က လွဲပြီး ဘဝမှာ ဘာမှ မလိုတော့ဘူး။ သူ့ရဲ့ ဇနီးကလည်း "ကတော်" လို့ လူသိများဖို့ပါပဲ။ ပိုက်ဆံဆိုတာ ဘုန်းကြီးကျောင်း ဓမ္မာရုံ ဆောက်ဖို့နဲ့ ရဟန်းသံဃာတော်တွေ လှူဖို့ပါပဲ။

ဒီနှစ်ခြိုက်စရာ လူမျိုးနဲ့ ပတ်သက်လို့ အယူအဆပေါင်းစုံ ဒါဇင်များစွာ ရှိကြရာမှာ ယေဘုယျပြုချက်အရ ချီးကျူးဖို့ဖြစ်ဖြစ်၊ အပြစ်တင်ဖို့

mgyoe.com

mgyoe.com


ဖြစ်ဖြစ် အခက်ခဲဆုံးပဲဖြစ်လိမ့်မယ်။ "သောမတ်သိန်း" တို့၊ "ဟင်နရီဝါးလေ့" တို့ရဲ့ လူအုပ်စုကြားမှာ ချစ်စဖွယ်ကောင်းနေတတ်တဲ့ "သာမညလူသား" တွေလိုပါပဲ။ တစ်ဦးချင်းအရလည်းပဲ ချစ်စရာကောင်းနေတတ်တဲ့ လူမျိုးပဲ ဖြစ်ပါတယ်။

ဗမာ့အမူအကျင့်က အရှေ့တိုင်းမှာ လူတိုင်း ပုံမှန် မျှော်လင့်နိုင်တာတွေ ဖြစ်တယ်။ ယေဘုယျမိတ်ဆွေဖြစ်မှုရှိမယ် ဆိုပေမယ့် ရှောင်တခင် ဂရုမစိုက်လှတဲ့ ယဉ်ကျေးပျူငှာပြရုံ သက်သက်ပါပဲ။ လယ်သမားကျေးလက်လူတွေက ဥရောပက စက်မှုစိုက်ပျိုးရေး လူတန်းစားထက်ပိုအထက်တန်းကျပါတယ်။

စာရေးဆရာတွေများစွာက ဗမာတွေကို "သန့်ပြန့်ပြီး အသေးစိတ်ကအစ ဂရုစိုက်တယ်၊" "ပြင်းပြတဲ့ တစ်သီးပုဂ္ဂလဆန်တယ်" "ပွလောင်ဒေါထန်တယ်"၊ "သရဲဘောကြောင်တယ်" "ရဲရင့်တယ်"၊ "ကလေး ဆန်တယ်"။ "အာကစားသမား ဆန်တယ်။" "အစီအစဉ်မရှိဘဲ အရမ်းလုပ်တတ်"၊ "အဆင့်အတန်းမြင့်မြင့်နေချင်" "စိတ်နှလုံးဖြေ့ပါး" "တာဝန်မယူတတ်"၊ "ကိုယ့်ကိုယ်ကိုယ် အရေးပါတယ်လို့ ထင်" "သက်ရှိသတ္တဝါအားလုံးအပေါ် ကြင်နာသိမ်မွေ့စွာ ဂရုစိုက်တတ်တယ်" "အရသာခံမှုမှာ ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်တတ်"၊ "ကောက်ကျစ်ပြီးရန်ငြိုးကြီး"၊ "ချစ်တတ်ကြင်နာတတ်" "အလွန်အကျွံယုံလွယ်တတ်တယ်" လို့ အမျိုးမျိုး ပြောကြတယ်။ အတိုချုပ်အားဖြင့် ဗမာကဝိရောဓိပဋိပက္ခတွေဖြစ်နေ၊ စီရင်ချက်အမျိုးအစားမှန်သမျှရဲ့ ဘာသာရပ် ဖြစ်နေရတာပါ။

ဗမာက မည်သူတွေရဲ့ လူ့အန္တငမိုက်သားတွေ မဟုတ်ပါဘူး၊ "ဗမာပြည်ဆိုတာ ဗမာလူမျိုးတွေအတွက်" ဆိုတာကို ကောင်းကောင်းနားလည်လာကြတဲ့ သူတွေပါပဲ။ ဂျပန်ခေတ်ရောက်ရခြင်းက နာဇီအယူ

mgyoe.com

mgyoe.com

အဆကို ဗမာတွေ အထင်ကြီးခဲ့တာကြောင့်လည်း ဖြစ်ရတယ်။ (စစ်မဖြစ်မီ ၁၀ နှစ်ဝန်းကျင်က ဗမာတွေကြားမှာ 'စကြာမင်း' ပေါ်မယ်ဆိုတဲ့ တဘောင်ပေါ်ခဲ့ခြင်းက ဟစ်တလာရဲ့ အလံတော် (卐) ကို ရည်ညွှန်းသလို ဖြစ်ခဲ့တယ်။)

ဗမာတွေရဲ့ ဘဝဟာ များစွာသော ဝိရောဓိတရားတွေကို ကိုယ်စားပြုနေပါတယ်။ အိမ်မွေးတိရစ္ဆာန်ထားပြီး တိရစ္ဆာန်ကို ကရိကထဒုက္ခခံကြင်နာတာမျိုးနဲ့ အချိန်ကုန်မခံတတ်ပေမယ့် တိရစ္ဆာန်တွေ သတ်ဖြတ်ခြင်းကိုတော့ ပြစ်မှုမြောက်တယ်လို့ ဗုဒ္ဓဘာသာက တားမြစ်ထားပါတယ်။ ကျေးလက်တွေက ဗမာတွေ များစွာ ခွေးတွေကို အလေအလွင့်အမှိုက်တွေ ဂျန်ကျော် စားစရာရှာတဲ့ သတ္တဝါတွေအဖြစ်ပဲ ထိန်းသိမ်းထားတတ်ပေမယ့် အိမ်နီးချင်း မိန်းမအချင်းချင်း ခွေးကို ရေနွေးပူနဲ့ ပက်ရမလားလို့ ရန်ဖြစ်ကြတာမျိုးလည်း တွေ့ရတတ်ပါတယ်။

ဗမာမိန်းကလေးတွေက အိမ်မှုထိန်းသိမ်းရေးမန်နေဂျာတွေအဖြစ် လေ့လာ သင်ယူကြရတယ်။ သူ့အမေလိုပဲ လက်တွေ့ကျတဲ့ မိန်းမပါ။ သူမရဲ့အစ်ကို မောင်လေးတွေကတော့ အဖေလိုပဲ ခပ်ပျင်းပျင်းနဲ့ အလုပ်အပါးခို၊ တာဝန်လည်း မယူ၊ အိမ်သူမိန်းမသားတွေ အလုပ်လုပ်နေစဉ်မှာ ကလေကဝ ပေါက်ပန်းဈေးတွေသာ စကားများနေတတ်တယ်။ ဗမာကောင်လေးတွေ အရေးမပါတဲ့ စည်းမျဉ်းတွေနဲ့ ယောကျ်ားရင့်မကြီးဘဝ ရောက်လာပေမယ့် ဗုဒ္ဓတရား အဆုံးအမတွေအောက် နေရတာကတော့ ဖြေသိမ့်စရာပါပဲ။ ဗမာအမျိုးသမီးတွေက အိမ်မှုကိစ္စတွေပိုလို့ အိမ်ကျွန်ဆန်ပြီး ယောကျ်ားနောက်က ခြေလှမ်းနည်းနည်းခွာ နောက်ချန်လိုက်ရပါတယ်။ အိမ်ထောင်ဦးစီး ယောကျ်ားတွေက များသောအားဖြင့် မယားသည်ကို တိုးတိုးတိတ်တိတ် တိုင်ပင်တတ်ပေမယ့် ဆုံးဖြတ်တဲ့အခါမှာတော့ မိန်းမကို လက်ဝါးနဲ့ကာပြီး သူ့သဘောနဲ့သူ ဆုံးဖြတ်တတ်ပါတယ်။

mgyoe.com

mgyoe.com


ဗမာတွေက အခြားသူတွေရဲ့ လုပ်ရပ်ကို ဂရုမထားတတ်ဘူး။ တစ်ယောက်ယောက်က ခပ်ဆန်းဆန်းလုပ်တာ တွေ့ရင် "ဒါ သူ့သဘော နဲ့ သူပဲလေ" လို့ ရယ်ကျဲကျဲလုပ်နေတတ်တယ်။ တစ်ယောက်ယောက် ဗမာပြည်မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်ကြံရင် ဘယ်သူမှဝင်တား ကြမှာ မဟုတ်ပါဘူး။ "မင်းတကယ်သေချင်ပြီဆိုမှတော့ ငါတို့ ဘယ်လို လုပ် တားရမှာလဲ၊ မင်းကိစ္စမို့ မင်းနဲ့ပဲ ဆိုင်တယ်" လို့ ဆိုကြမယ်။ ဒါတောင် ကိုယ့်ကိုယ်ကိုယ် သတ်သေတာကို ဗုဒ္ဓဘာသာက အားကောင်း စွာ ဆန့်ကျင်တယ်၊ (အဖန်ငါးရာ ငါးကမ္ဘာ ဆက်တိုက် ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အကျင့်က ဝသီပါသွားတတ်ကြောင်း ဇာတ်နိပါတ်တော်တွေ နဲ့ ဥပမာသာဓကတွေ ပြထားတယ်။) မြို့ပြတရားရုံး ဥပဒေအရ ကိုယ့်ကိုယ်ကိုယ် သတ်သေသူကို လူသတ်မှုနဲ့အရေးယူနိုင်ပါသေးတယ်။

ဗမာတွေက အရက်ဘိန်းတွေ သုံးလေ့မရှိတဲ့အပြင် ဘာသာရေး အရ (ငါးပါးသီလနဲ့ ငြိစွန်းလို့) တားမြစ်ထားပါတယ်။ ဘိန်းကို တရုတ် လူမျိုးပြောင်းရွှေ့အခြေချတွေကသာ လုပ်တတ်ကြတယ်။

ဗမာဟာ ရာဇဝတ်မှုကျူးလွန်တတ်တဲ့နှုန်းကတော့ မြင့်တက် တတ်၊ အကြမ်းဖက်မှု အလွယ်တကူ လုပ်တတ်ကြလို့ပါ။ ဒေါသအလျောက် ဖြစ်တတ်ကြတာများတယ်။ အခြားတစ်ဖက်မှာ ဗမာရွာတွေကတော့ ယေဘုယျ ဆိတ်ငြိမ်လို့ အေးချမ်းကြတာ များပါတယ်။ အထက် ဗမာပြည် က ရွာတွေလို တိတ်ဆိတ်မိတ်ဆွေဖြစ် ခင်မင်လွယ်ပြီး ကိုယ့်ကိုယ်ကိုယ် လေးစားလို့ နှစ်ခြိုက်စရာကောင်းတဲ့နေရာမျိုး ဘယ်မှာမှ မရှိနိုင်ပါဘူး။

ဗမာ့ရဲ့ ကိုယ်ကျင့်တရား စီရင်ချက်မှာ ရိုးရိုးရှင်းရှင်း စကား တစ်ခွန်းသာ ရှိပါတယ်။ "ကရောသောပါး စိတ်မြန်လက်မြန် အကြမ်း ဖက်တတ်သူဟာ လူမိုက်နဲ့အတူတူပဲ ဖြစ်တယ်" တဲ့။ ဗမာတွေက ရာဇဝတ် သားတွေ ဖမ်းဖို့ ကိစ္စမှာ တာဝန်နည်းနည်း ယူချင်စိတ်တော့ ရှိကြပါတယ်။

mgyoe.com

mgyoe.com


ဗမာအမျိုးသမီးတွေရဲ့ ကောင်းမြတ်တဲ့အာရုံနဲ့ ကောင်းမွန်အပြစ်ကင်းတဲ့ ဟာသစိတ်တို့က သူတို့တိုင်းပြည်အတွက် အကျိုးရှိပါတယ်။ နိုင်ငံရေးတွေမှာ ကြီးစွာ စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်မယ်ဆိုရင် တိုင်းပြည်အတွက် အကျိုးများနိုင်ပါတယ်။ (စာရေးသူက ပြောတာနောက်တောင်ကျနေပါပြီ။ စစ်ကြိုခေတ် ရေနံမြေအလုပ်သမားသပိတ်တိုက်ပွဲမှာ ရေနံမြေသခင်မကြီးတွေ ပေါ်ထွက်ခဲ့တာ ဂျွန်ခရစ္စတီယန်မသိခဲ့ရဘူး ထင်ရဲ့။ စစ်အတွင်းမှာ တစ်ခါ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်သိန်းမေတို့ရဲ့ လှုပ်ရှားမှုတွေလည်း ဒီစာအုပ်ထဲပါမလာတာ ဝမ်းနည်းစရာပါပဲ။) ဘာပဲဖြစ်ဖြစ် ဗမာ့အမျိုးသမီးတွေက ဗမာပြည်ရဲ့ ကျောရိုးအဖြစ်ရှိဆဲဖြစ်ပါတယ်။ (၂၁ ရာစုမှာ ဒါက အထင်အရှားပါပဲ။)

ဗမာတွေကိုယ့်မင်းကိုယ့်ချင်း နေရတဲ့ဘဝကုန်ဆုံးသွားရတဲ့ ၁၈၈၅ ခုနှစ်ကစပြီး ဗမာလူငယ်တွေ ဖရိုဖရဲနဲ့ ပရမ်းပတာသောင်းကျန်းလာကြတယ်။ ညရောက်ရင်ပဲ စိတ်လွတ်ကိုယ်လွတ် ထင်ရာစွတ်လုပ်ရတာကိုပဲ ချစ်မြတ်နိုးနေတတ်တဲ့စိတ်ဟာ ညစဉ်ညတိုင်း ဖြစ်နေရာကနေ ကြာတော့ အကျင့်တစ်ခု ထုံးစံတစ်ခုလို အသားကျလာပါတော့တယ်။ ကလေးဆိုးတွေလို သူတို့ရဲ့ ရာဇဝတ်မှုခင်းက အကြမ်းမှုတွေဖြစ်ပြီး ကလေးတွေကျူးလွန်တဲ့ ပြစ်မှုသဘောမျိုး ဖြစ်လာပါတယ်။ "ညတာအတွက် လွတ်လပ်ခြင်းကို ခုံမင်ချစ်တဲ့" ဝရုန်းသုန်းကားသောင်းကျန်းမှု ဂျပန်ဝင်လာတဲ့ကာလမှာလည်း ဒီလိုသရောကြီးခိုင်းလာပါတယ်။ ရွာတွေမှာ ညဘက်ပွဲခင်းထဲ ပရမ်းပတာရန်စအကြမ်းဖက်ရင်းက အုပ်စုလိုက် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေက ကြောက်ခမန်းလိလိပါပဲ။

ဗမာမင်းမရှိတော့တာနဲ့ ဒီလို ပရမ်းပတာ သောင်းကျန်းလာကြတာဟာ နိုင်ငံခြားအစိုးရကို ဆန့်ကျင်အန်တုခြင်းပဲမို့၊ သူ့ရဲ့ကောင်းဆန်

mgyoe.com

mgyoe.com


ဆန် သတ္တိရှိလှတဲ့ လုပ်ရပ်မို့ လူများစုအထင်ကြီးပြီး နောက်လိုက်အဖြစ် တပ်ဖွဲ့လာကြတယ်။ (ဒီလိုနဲ့ တောပုန်းကြီးစံဖဲလို ဓားပြကြီးတွေ ပေါ်လာတာပါ) တိုင်းပြည်က "ရော်ဘင်ဟု" ရဲ့ အင်္ဂလန်လို ဖြစ်လာတယ်။ တောပုန်းကြီးစံဖဲဟာ ဗမာဖြစ် "ရော်ဆင်ဟု" ပါပဲ။ ချမ်းသာသူတွေကို လုယက်ဓားပြတိုက်ပြီး ဆင်းရဲသားတွေ ပြန်ဝေတာမျိုးပေါ့။ ဒီဓားပြတွေက အမျိုးသား သူရဲကောင်းတွေ ဖြစ်လာပါတယ်။ ဗမာတွေကလည်း 'အယ်ကပုံး' ကို 'ရော်ဘင်ဟု' အဖြစ် ပြောင်းပေးကြတယ်။ ဂျပန်ခေတ်မှာ ဒီလိုအဖြစ်မျိုးတွေ များလှပါတယ်။ မန္တလေးဟာ ပထမဆုံး အင်္ဂလိပ်တွေ ဆုတ်ခွာစဉ် သုံးပတ်ခန့် တောကြောင်တွေပါ ရောပြီး မီးရှို့လုယက်ကြသလို ရန်ကုန်မှာလည်း နိုင်ငံခြားသား ဘန်ဂလိုတွေ ဂျပန်မြို့ထဲ မဝင်ခင်လေးမှာပဲ လုယက်ခြင်း ခံခဲ့ရတယ်။

❒

mgyoe.com

mgyoe.com

# အခန်း (၅)
# ဗမာ့သမိုင်း-အတိတ်ရဲ့ ပွဲလမ်းသဘင် အခမ်းအနား

*"ဒီရေတက်လာတဲ့အခါ ငါးတွေက ပုရွက်ဆိတ်ကို စားတယ်၊ ဒီရေကျသွားတဲ့အခါ ပုရွက်ဆိတ်တွေက ငါးတွေကို ပြန်စားတတ်တယ်။"*

***ယိုးဒယားစကားပုံတစ်ခု***

စာရေးဆရာ "ဩဒတ်ဟပ်စလေ" ရဲ့ "Jesting Pilate" ထဲမှာ ဗမာဘုရင်ရဲ့ "ဖန်နန်းတော်သတင်းစဉ်" အပေါ် "ပုံနှိပ်ခဲ့သမျှထဲ နတ်သမီးပုံပြင်တစ်ပုဒ်ကို အကောင်းဆုံးလေ့လာစရာ တည်းဖြတ်ထားတာပဲ" လို့ ဖော်ပြထားတယ်။ ၁၈၂၉ ခုမှာ ဘကြီးတော်ဘုရားခန့်အပ်တဲ့ ဗမာပညာရှိအမတ်တွေရဲ့ ကော်မတီက စုပေါင်းပြုစုရေးသားကြတဲ့ "မှန်နန်းရာဇဝင်" ကြီးက "ဟပ်စလေ" က ကျွန်ုပ်တို့ကို ယုံကြည်ခိုင်းသလောက်လည်း စိတ်ကူးဆန်းကြယ်လှတာမဟုတ်ပါဘူး။ ဒီမှန်နန်းရာဇဝင်ထဲက တကယ့်အချက်အရ မှန်တာတွေတော့ ပါဝင်ပါတယ်။ ဗမာဘုရင်

mgyoe.com

mgyoe.com



တစ်ပါး နတ်ရွာစံတဲ့အခါမှာ ဥက္ကာပျံတစ်ခု ကမ္ဘာဂြိုဟ်နဲ့ လကြားက ဖြတ်သွားခဲ့တယ်ဆိုတာနဲ့ ဧရာဝတီမြစ်ကြီးက ဟသ်ာတကနေ ဗန်းမော် အကြားမှာ တောင်ကမြောက်ကို အထက်ပြန်ဆန်တက်စီးဆင်းတာတွေ ကတော့ အမှန်ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သွေးမြေကျ ဘကြီးတော်ဘုရား ရဲ့ နောက်ဆက်ခံသူမင်းတွေကတော့ ကြာပန်းသရဖူတွေပေါ်မှာ ပိုမို ကြွယ်ဝလာတာတွေကို ကျကျနန ရေးထိုးဖြစ်ကြတာတော့ အသေအချာပဲ ဖြစ်ပါတော့တယ်။

ဗမာတွေဟာ ဘယ်သူတွေလဲ၊ဘယ်အချိန်က ဒီရောက်လာတာလဲ ဆိုတာကိုတော့ ဘယ်သူမှ မသိနိုင်ကြပေမယ့်၊ မူလဘိုးဘေးအစဉ် အဆက်က တိဘက်နဲ့ တရုတ်နယ်စပ်က လာတယ် ဆိုနိုင်ပါတယ်။ မြောက်ဘက်တောင်တန်းတွေကနေ မြေပြန့်ဆီကို အေဒီ ၈၅၀ လောက် မှာ ဗမာတွေ ဆင်းလာတယ်ဆိုတာထက် ပိုတိကျတဲ့ အချက်အလက်တွေ ရှာမတွေ့ခဲ့ဘူး။ အေဒီ ၅၀၀ ထိ ကျောက်ထက်အက္ခရာတင်တာမျိုး မတွေ့ခဲ့ရဘူး။ ပျူခေတ်ကျောက်စာတွေ စတွေ့ရတာက အေဒီ ၇ ရာစု မှာ ဖြစ်ပါတယ်။ ဗမာအက္ခရာနဲ့ ရေးထိုးတဲ့ပထမ အစောဆုံးကျောက်စာ ကို ပုဂံက မြစေတီကျောက်စာမှာ တွေ့ကြရတယ်။ သက္ကရာဇ်က အေဒီ ၁၁၀၀ ပါ။ ၉ ရာစုခေတ်က ပင်လယ်ရပ်ခြားခရီးသွားဧည့်သည်တွေ အဖြစ် အိန္ဒိယ "ကိုလိုမန်းဒဲ" ကမ်းရိုးတန်းကတစ်ဆင့် အာရပ်လူမျိုးတွေ ရောက်ခဲ့ကြဖူးတယ်။

အနော်ရထာမင်းသထုံကို အောင်နိုင်ပြီးတဲ့နောက် ဟိနယာန ဗုဒ္ဓ ဘာသာ ဗမာပြည်ကိုစဝင်ရောက်ပြီး ၁၀၅၇ ခုကစပြီး ပုဂံခေတ် ပထမ မြန်မာနိုင်ငံတော်မှာ ဗုဒ္ဓသာသနာထွန်းကားလာကြောင်းကို ပုဂံဘုရား များကသက်သေပြနေပါတယ်။ ဗမာပြည်ရဲ့ သမိုင်းကြောင်းတစ်လျှောက် မှာ ဒီပုဂံခေတ်က အရေးအပါဆုံးပါပဲ။ ပထမမြန်မာနိုင်ငံတော်ကို အနော်

mgyoe.com

mgyoe.com



ရထာမင်းချဲ့ထွင်စဉ် ရခိုင်နယ်နဲ့ ယူနန်နယ်အထိ ကျယ်ဝန်းခဲ့တယ်။ သူတည်ထောင်တဲ့ ပုဂံက ပူပြင်းတဲ့ ဧရာဝတီရဲ့ အလယ်ပိုင်းဇုန်ဖြစ်နေပြီး နေထိုင်လို့ မကောင်းလှပေမယ့် အဲဒီအချိန်က အာရှရဲ့ အစည်ပင်ဆုံးမြို့တော်ကြီး ဖြစ်ခဲ့တယ်။ နောက်ဆုံးတရုတ်က "ကူဗလေခန်" ရဲ့ စစ်တပ်တွေရဲ့ ဖိအားကြောင့် ၁၂၈၇ ခုမှာ ပုဂံခေတ်အားနည်းသွားရတယ်။ မွန်ဂိုတွေ အောင်နိုင်ပြီးတဲ့နောက်မှာ နှစ်ပေါင်း ၃၀၀ လောက်အထိ ရှမ်းရယ်၊ မွန်တလိုင်းတွေရယ်၊ ဗမာရယ် သူတစ်လူ ငါတစ်မင်းနဲ့ ခေတ်ပြိုင် သီးခြားစီကိုယ့်ဒေသနဲ့ကိုယ် စိုးစံအုပ်ချုပ်ကြတယ်။

အေဒီ ၁၅၀၀ မတိုင်မီအထိ ပဲခူးက မွန်ပြည်နယ်ရဲ့ အကြီးဆုံးမင်းနေပြည်တော်ကြီးဖြစ်ခဲ့တယ်။ ကြားမှာတိုတောင်းတဲ့ ခေတ်တစ်ခေတ်အဖြစ် တောင်ငူက မင်းနေပြည်တော်ဖြစ်ခဲ့တယ်။ ဥရောပကနေ ဗမာပြည်ကို လာလည်တဲ့ဧည့်သည်တွေက ဒုက္ခပေးခဲ့တဲ့ကာလလည်းဖြစ်ခဲ့တယ်။ ပေါ်တူဂီလူမျိုး "ဖရန်စီ" က စတင်ဝင်လာခဲ့တယ်။

၁၅၅၀ ပြည့်နှစ် တောင်ငူဘုရင် 'တပင်ရွှေထီး' ကိုယ်တိုင် ပေါ်တူဂီ "ဖရန်ဂျီ" တို့ရဲ့ အရက်တိုက်ဖျက်ဆီးမှု ဒဏ်ခံနေရလို့ 'ဘုရင့်နောင်' မင်းက ထီးနန်းဆက်ခံရာမှာ သူ့ကို "ဗမာတွေရဲ့ နပိုလီယန်" လို့ တင်စားခဲ့ကြတယ်။ ဒီအချိန်က အနောက်တိုင်းမှာ "အဲလီဇဘက်" ဘုရင်မနဲ့ အလယ်အာရှ အက္ကဘာ ဧကရာဇ်တို့စိုးစံနေချိန်ပါပဲ။ ဘုရင့်နောင်ရဲ့လက်ထက်မှာ မဏိပူရနဲ့ ယူနန်နယ်ထိမြောက်ဘက်တစ်လွှားနယ်ပယ်ချဲ့နိုင်ပြီး တောင်ဘက်မှာ မဲခေါင်၊ ဇင်းမယ် (ချင်းမိုင်) နဲ့ အယုဒ္ဓယက အရှေ့စူးစူးယိုးဒယားနယ်ထိ အာဏာဖြန့်ကြက်ပါတယ်။

၁၅၈၁ ခုနှစ် ဘုရင့်နောင်နတ်ရွာစံပြီးနောက်မှာ ဗမာနိုင်ငံကြီးလည်း ဖရိုဖရဲ ဝရန်းသုန်းကားဖြစ် ပြိုလဲသွားရပြီး ဗြိတိသျှ ပြင်သစ်တို့ဝင်ရောက်လာပြီး အရှေ့အိန္ဒိယ ကုမ္ပဏီဆိုတဲ့ အင်္ဂလိပ်ကုန်သည်တွေ

mgyoe.com

mgyoe.com


က ဗမာ့ကျွန်းသစ်ကို မက်မက်မောမောလိုချင်တပ်မက်စိတ်နဲ့ ဝင်လာပါတော့တယ်။ ကျွန်းသစ်အပြင် ပတ္တမြားနဲ့ ငွေထည်တွေပါ ယူဖို့ ကြံထားပါတယ်။

ဒီအတွင်းမှာ ပေါ်တူဂီခရီးသွား "ဖိုးလစ် ဒီဘရစ်တိုး နီကိုတီ" ဟာ ဘုရင်ခံချုပ်ရဲ့သမီးနဲ့ လက်ထပ်လိုက်ပြီး ပဲခူးမှာ ၁၆၀၀ မှာ စပြီး တန်ခိုးထွားလာပါတယ်။ ရုပ်သေးပြပွဲတွေကို သန်လျင်မြို့မှာ ပြောင်မြောက်စွာပြရင်းနဲ့ သံလျင်မြို့ကို သိမ်းပိုက်သွားတယ်လို့ အဆိုရှိတယ်။

ပေါ်တူဂီပင်လယ်ဓားပြတွေထဲက အကျော်ကြားဆုံးက "ဆီဗက်ရှန်ပွန်ဇာလက်တီဘာအို" ဖြစ်ပြီး သူ့ဘုရင်ကိုရော သူ့ရဲ့ဘာသာရေးကိုပါ သစ္စာဖောက်ကျောခိုင်း၊ သူ့ကိုယ်သူ တည်ဆောက်ယူတယ်။ 'တီဘာအို' နဲ့ ပတ်သက်ပြီး ဘုရင်နဲ့ အိန္ဒိယဘုရင်ခံချုပ်တို့ကြား ပေးစာတွေအရ ပရမ်းပတာ သူ့ရဲ့သောင်းကျန်းမှုအတွက် ပိုင်ဆိုင်မှုအဝဝ သိမ်းပိုက်ပြီး ကြိုးပေးသတ်ပစ်သင့်ပေမယ့် ရောက်ရှိနေတဲ့ဒေသမှာ အာဏာသြဇာရှိထားတာကို ထောက်ထားလျက် "ခရစ်တော်ရဲ့ အကျင့်ဆိုင်ရာ တတိယဆင့်" ဘွဲ့ထူးဂုဏ်ထူးကို ချီးမြှင့်လိုက်ကြောင်း ဖော်ပြထားပါတယ်။

၁၄၄၄ ခုနှစ်မှာ ဗမာပြည်ကို ၁၇ ရက်ကြာ အလည်အပတ်ရောက်ခဲ့တဲ့ ဗင်းနစ်မြို့သား "နီကိုလိုဒီကွန်တီ" က ဗမာပြည်အကြောင်းရေးခဲ့ရာမှာ ဗမာ့ရဲ့အဖိုးတန် ပတ္တမြားအကြောင်း အနောက်တိုင်းကို ပြန်ဖောက်သည်ချခဲ့တယ်။ ပြီးတော့ ကျော်ကြားတဲ့ ဆင်ဖြူတော်ဆိုတာ ဗမာပြည်မှာ အသေအချာရှိနေကြောင်းလည်း ပြောခဲ့တယ်။

၁၄၉၂ ခုမှာပဲ ပဲခူးကိုရောက်ခဲ့သူ ဂျီနိုအာမြို့သာ "စတီဖာနို" ကလည်း ဆင်စုစုပေါင်းအကောင် ၁၀,၀၀၀ ပိုင်ဆိုင်တဲ့မြို့စားကြီးတစ်ဦးရှိတဲ့အကြောင်း၊ အဲဒီဒေသ (မိုးကုတ်မြို့ကို ရည်ညွှန်း) က အင်းဝကလာရင် ၁၅ ရက်ကြာ ခရီးနှင်ရတဲ့အကြောင်းနဲ့ ပတ္တမြားတွေ ထွက်တဲ့အကြောင်းရေးထားပါတယ်။

mgyoe.com

mgyoe.com


၁၅၀၅ ခုနှစ်မှာ ပဲခူးဘုရင်ကို သန္တာကျောက်ဆက်သခဲ့သူ နောက် ထပ် အီတလီကုန်သည်ကြီး "ဒီဗာဆီမာ" က ပဲခူးဘုရင်ရဲ့ ရတနာတွေ တပ်မက်မှုအကြောင်း အောက်ပါအတိုင်း မှတ်ချက်ချထားတယ်။ "သူ ဟာ သူ့ကိုယ်ပေါ်မှာ ဆင်ထားတဲ့ ပတ္တမြားတွေက သူ့မြို့တော်ရဲ့ တန်ဖိုး ထက်တောင် များသေးတယ်။ ဒီပတ္တမြားတွေကို သူ့လက်ချောင်းထိပ် တွေ၊ ခြေချောင်းထိပ်တွေမှာ ဆင်ထားတာပါ။ သူ့ခြေကျင်းမှာ ရွှေကွင်း ကြီးကို (ခြေကျင်း) ပတ္တမြားတွေ အစီအရီနဲ့ တွေ့ရပြန်တယ်။ လက်မောင်း နှစ်ဖက်နဲ့ လက်ချောင်းတွေမှာလည်း အပြည့်ပဲ။ သူ့နားရွက်တွေမှာ လက်ဝါး တစ်ဝက်လောက် ရှည်အောင် ဆွဲထားတာတွေက ရတနာမျိုးစုံ စီခြယ် ထားတဲ့ နားဆွဲတွေပါ။ ဒီပဲခူးဘုရင်ကို ညဘက်မှာ မီးထွန်းပြီး ကြည့် လိုက်ရင်တော့ နေမင်းကြီးကိုယ်တိုင် ထွက်လာသလား ထင်ရပါတယ်။"

အလောင်းဘုရားက မူလက ရွှေဘိုမြို့ရဲ့ သူကြီး ဖြစ်တယ်။ ၁၇၅၄ ခုမှာ အထက်ဗမာပြည်အထိ အုပ်စိုးနေတဲ့ မွန်တလိုင်းတွေကို ရွှေဘိုကနေ စတင်တော်လှန်တိုက်ခိုက်လာတဲ့ ဦးအောင်ဇေယျခေါ် အလောင်းဘုရားဟာ တောင်ဘက်ကို တစ်မြို့ပြီးတစ်မြို့ စစ်နိုင်သိမ်းပိုက် ပြီး နယ်ပယ် ချဲ့ထွင်လာလိုက်တာ ၁၇၅၅ ခုနှစ်မှာ ပြည်မြို့ရဲ့ မြို့ရိုးဂိတ် တံခါးဝကို မြစ်ကြောင်းချီ ရေတပ်သင်္ဘောတွေနဲ့ ဆိုက်ကပ်လာပါတယ်။ နွေလယ်မှာ ရွှေတိဂုံစေတီကို ပဲခူးဘုရင်ထံက သိမ်းယူပြီး ရွှေတိဂုံရဲ့ တစ်ပိုက်ဒေသ (ရှေးအခေါ်ဒဂုံ) ကို 'ရန်အားလုံးကုန်ပြီ' ဆိုတဲ့ အဓိပ္ပာယ် "ရန်ကုန်မြို့" လို့ နာမည်မှည့်ခဲ့တာ ယခုထိအောင် ရန်ကုန်မြို့တော်ကြီး အဖြစ် ရွှေတိဂုံစေတီရဲ့ ထီးရိပ်ခိုပါတယ်။ အလောင်းဘုရားက သွေးရောင် လွှမ်းတဲ့ စစ်ရေးစုစည်းညီညွတ်မှုကို အထက်ယူနန်ပြည်ကနေ အောက်ဆုံး မုတ္တမ ပင်လယ်ကွေ့အထိ တည်ဆောက်သွားနိုင်တာကြောင့် ဗမာတွေရဲ့ အမျိုးသား သူရဲကောင်း စစ်ဘုရင်တစ်ဦးအဖြစ် သတ်မှတ်ခံရလျက်

mgyoe.com

mgyoe.com


ဗမာတွေရဲ့ နောက်ဆုံး ကုန်းဘောင်မင်းဆက်ကို သီပေါမင်းပါတော်မူတဲ့ ၁၈၈၆ ခုထိ တည်ထောင်ခဲ့ပါတယ်။

ကုန်းဘောင်မင်းဆက်ကို အလောင်းဘုရားကစတင်ပြီးနောက် သူ့ရဲ့ သားသုံးယောက်က အဆင့်ဆင့်ဆက်ခံအုပ်စိုးခဲ့ကြတယ်။ အင်းဝက အမရပူရ (သေခြင်းမရှိလို့ အဓိပ္ပာယ်ရ) ထိ မင်းနေပြည်တော်ထားတယ်။ ၁၇၆၀ ကနေ ၁၈၁၉ ထိအောင် ဖြစ်ပါတယ်။ အင်းဝမှာ ခေါင်းသရဖူကို မြေးတော်စဉ့်ကူမင်းက ဝင်သိမ်းခဲ့သေးတယ်။ ဒီကာလအတွင်း ဗမာစစ်တပ်က ယိုးဒယားပြည်ကို နှစ်ကြိမ်တိုင်အောင် စစ်ချီကျူးကျော်စဉ် နယ်စပ်ကို တရုတ်ကျူးကျော်လာတာနဲ့ တပ်ပြန်ရုပ်ပြီး အထက်ပြန်ဆန်တက်ရတယ်။ ဒီနောက် ရခိုင်ကို တိုက်ခိုက်သိမ်းပိုက်ပြီး ရခိုင်တွေ ကိုးကွယ်နေတဲ့ မြတ်စွာဘုရားကိုယ်တော်တိုင်ရင်ငွေ့လှုံပြီး တည်ခဲ့တဲ့ မဟာမြတ်မုနိဘုရားရုပ်ပွားတော်လေးဆူကို ပင့်ဆောင်ပြီး မန္တလေးမှာထားတာ ယခုထိပါပဲ။ ဒီနောက် မဏိပူရကို သိမ်းပိုက်ပြန်တယ်။ အာသံကို သွေးမြေကျအောင် တိုက်ခိုက်ပြီး ဗမာပြည်ရဲ့ အစိတ်အပိုင်းအဖြစ် သွတ်သွင်းပြန်တယ်။ ဗြိတိသျှသမိုင်းဆရာတွေက ဗမာအောင်နိုင်သူကြီးတွေ မှန်မှန်စရိုက်ဖော်ရေးခဲ့ရာမှာ "သူတို့တိုက်ခိုက်လို့ သေဆုံးကုန်တဲ့ လူရာထောင်ချီသူတွေရဲ့ အရိုးတွေက "ဂျန်ဆိုက်ဂလုံးကနေ ဗြဟ္မပုထရာ မြစ်ကမ်းပါးအထိ ပြန့်ကြဲနေတယ်" လို့ ဆိုပါတယ်။ ဗမာအောင်ပွဲတွေက တည်ဆောက်ရေးမကျပါဘူး။ ကျွန်အဖြစ်နဲ့ သုံ့ပန်းတွေ ဖမ်းဆီးလုယက်သိမ်းယူ ရန်သူ့နယ်မြေ လုံးဝ ပျက်သုဉ်းတဲ့အထိ မြေလှန်ပြီး ရလဒ်က သရောကြီးခိုင်းအောင် ထားခဲ့တာက သူတို့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။

အလောင်းဘုရားရဲ့ သရဖူဆက်ခံသူတွေ (အားလုံးက ဖာရိဘုရင်တွေကို အမှတ်ရစရာ ကိုယ့်နှမနဲ့ ဝမ်းကွဲနှမတွေကို ပြန်ယူ ဇနီး

mgyoe.com

mgyoe.com


မယားလုပ်ကြသူချည်းပဲ) ဟာ ရှုးသွပ်မှုနဲ့ တောက်တောက်ပပ ရောနေတဲ့ ကျိန်စာသင့်ခြင်းခံနေရတယ်။ ဗမာမင်းမျိုးမင်းနွယ် အချို့ဟာ အရည် အချင်း စစ်မှန်ကြပေမယ့် အများစုက နိုင်လိုမင်းထက်ကျပြီး ကောက် ကျစ် ရန်ငြိုးကြီး လက်စားချေတတ်ကာ ပြောပြလို့မရအောင် ညှာတာမှု ကင်းမဲ့ရက်စက်တတ်ကြတယ်။ (အလောင်းဘုရားက စခဲ့တဲ့ စစ်အာဏာ ရှင် စနစ်နဲ့ နယ်ချဲ့စိတ်ဓာတ်ပါ အမြစ်တွယ်လာရခြင်း အကုသိုလ် အကျိုးဆက်ကြောင့် ကိုယ်တိုင်အင်္ဂလိပ်ကျွန်ဘဝ ဂျပန်တွေရဲ့ ကျွန်ဘဝ ခံရပြီး လွတ်လပ်သွားပြီးတာတောင် ကိုယ့်အချင်းချင်း စစ်အာဏာရှင် စနစ်အောက်ပြားပြားဝပ်ကျရောက်ခဲ့ရခြင်း ဖြစ်တယ်။)

ဘိုးတော်ဘုရား (၁၇၈၂–၁၈၁၉) လက်ထပ်မှာ ဗမာပြည် အင်ပိုင် ယာက အကြီးမားအကန့်အသတ်အဖြစ် တနင်္သာရီကနေ အထက် အာသံအထိ ရောက်တယ်။ ပြီးခဲ့တဲ့ ရာစုနှစ်မှာ သာယာဝတီမင်းရှုး (၁၈၃၇–၄၆) နဲ့ ပုဂံမင်း (၁၈၄၆–၅၃) တွေ လက်ထက်မှာ ကိုယ့် မှူး ကြီးမတ်ကြီးတွေရဲ့နောက်ကျောဓားနဲ့ထိုးတာမျိုးတွေ လုပ်လာတယ်။

သာယာဝတီမင်းက စစ်ဘုရင်ကစားရင်း ကစားဖက်ကို ဒေါသ ထွက်တာနဲ့ စစ်ဘုရင်ခုံကို လက်သုံးတော်ဓားနဲ့ ပိုင်းခဲ့တယ်။ ကုန်းဘောင် မင်းဆက်မှာ အကောင်းဆုံး အစည်ပင်ဆုံး ဖြစ်ခဲ့တာက မင်းတုန်းမင်း လက်ထက်ပါပဲ။ ၁၈၅၃ ခုက ၁၈၇၈ ခုထိ စိုးစံသွားပါတယ်။ ဒါပေမဲ့ မန္တလေးမှာ မင်းနေပြည်တော်စိုက်ပြီး နန်းတော်အသစ် တည်ဆောက် တော့ မြို့ရိုးဂိတ်တံခါးဝရဲ့မြေအောက်မှာ ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ယောက်ကို အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်ခဲ့တဲ့ အကုသိုလ် ရှိခဲ့တယ်။

(ဒီကတည်းက မန္တလေးနန်းတော်ဟာ ကိုယ့်ရဲ့ မင်းညီ မင်းသားတွေရဲ့ သွေးမြေကျမှုနဲ့ ရင်းပြီးမှ တိုင်းတစ်ပါးရဲ့

mgyoe.com

mgyoe.com


လက်အောက်ရောက် ပါတော်မူရမယ့် အတိတ်နိမိတ်ကြီးကို ပြလိုက်တာပဲ။)

အလောင်းဘုရားမင်းဆက်တွေရဲ့ စောစောပိုင်းဘုရင်တွေက ဆင်ဖြူတော်တွေကို အထွတ်အမြတ်ထားတဲ့အနေနဲ့ လူမိန်းမတွေရဲ့ သားမြတ်ကို နှာမောင်းတံတွေနဲ့ စုပ်ယူသောက်သုံးစေပါတယ်။ ဆင်တစ်ကောင်လုံးကို နို့တိုက်ကျွေးရလို့ အားပြတ်ပြီး မိန်းမတွေ သတိလစ်မေ့မြောသွားရတာက ဘုရင်တွေအတွက် မမှုလောက်ပါဘူး။ သူတို့ရဲ့ စီးတော်ဆင်ဖြူတော်ကြီး မနက်စာ လူနို့သောက်ရဖို့ အရေးကြီးလှတယ်။

အင်္ဂလိပ်က ဗမာပြည်ကိုသုံးကြိမ်စစ်ဆင်ပြီးမှ တစ်ပြည်လုံးရသွားခဲ့တာပါ။ ပထမအင်္ဂလိပ်ဗမာစစ်ပွဲ (၁၈၂၄–၂၆) ရဲ့ရလဒ်အဖြစ် ရခိုင်နဲ့ တနင်္သာရီကို အင်္ဂလိပ်တွေကို ပေးလိုက်ရပြီး အာသံ၊ ကချာနဲ့ မဏိပူရနယ်ပယ်ကို ဗမာတွေ လက်လွှတ်လိုက်ရတယ်။ ကပ္ပလီပင်လယ်ထဲက "ပို့ဝါးလစ်" ဆိပ်ကမ်းကို ကပ်နိုင်လာတဲ့ ဗြိတိသျှရေတပ်က ရန်ကုန်ကို စကျူးကျော်ဝင်ရောက်ပြီး ရှေ့ဆက်တိုးလာခိုက် ဘကြီးတော်ဘုရားက စစ်သူကြီးမဟာဗန္ဓုလကို နှိမ်နင်းဖို့ လွှတ်လိုက်တယ်။ ရန်ကုန်မှာ စစ်ရှုံးလို့ တပ်ဆုတ်သွားရတဲ့ စစ်သူကြီးမဟာဗန္ဓုလဟာ ဓနုဖြူခံတပ်က ခံတိုက်နေစဉ် ၁၈၂၅ ခု ဧပြီလ ၂ ရက်မှာ ဓနုဖြူခံတပ်ထိပ်မှာ အင်္ဂလိပ်ရဲ့အမြောက်ဆန် ထိမှန် ကျဆုံးခဲ့ရတယ်။ ဗမာတွေရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်တဲ့ မဟာဗန္ဓုလ မရှိတော့တဲ့အတွက် အောင်နိုင်ရေး အလားအလာတွေ ပျောက်ကွယ်သွားခိုက်၊ အမေရိကန် သာသနာပိုင် "အက်ဒိုနီရမ်ဂျပ်ဆင်" နဲ့ "ဒေါက်တာပရိုက်စ်" တို့ကြား ဝင်ဖျန်ဖြေပေးချက်နဲ့ အင်းဝမှ မိုင် ၄၀ အကွာ ရန္တပိုမှာ ၁၈၂၆ ခု ဖေဖော်ဝါရီလမှာ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဖြစ်ပါတယ်။

ဒီစစ်ပွဲမှာ အင်္ဂလိပ်ဘက်က ငွေကြေးနဲ့ လူအင်အားအကုန်အကျများခဲ့တယ်။ အင်္ဂလိပ်စစ်သား ၃၅၈၆ ယောက်ထဲက ၃၁၁၅ ယောက်

mgyoe.com

mgyoe.com


တောင် ထိခိုက်ဒဏ်ရာရ၊ ရောဂါဘယဒဏ်တွေနဲ့ သေဆုံးကုန်ကျတယ်။ တိုက်ပွဲမှာ တိုက်ရိုက်သေဆုံးတာက ၁၅၀ ပဲရှိပါတယ်။

ဗြိတိသျှနဲ့ ဗမာကြား ဒုတိယအကြိမ်စစ်ပွဲက ၁၈၅၂ ခုမှာ ဖြစ်ပွားပြီး အင်္ဂလိပ်ဘက်က ပင်မလိုလားချက်က ရန်ကုန်မှာ သင်္ဘောဆိုက်ကပ်ခွင့် (တကယ်တမ်းက အပိုင်သိမ်းချင်တာ) ရချင်တာပါ။ ဒုတိယစစ်ပွဲက ပုံမှန်စာချုပ်စာတမ်းမရှိဘဲ ၁၈၅၂ ခု ဒီဇင်ဘာလ ၂၀ ရက်မှာ ပြီးသွားတယ်။ ရလဒ်က ဗမာက အင်္ဂလိပ်ကို အောက်ဗမာပြည် (မြေထဲမြို့အထိ) ကို ထပ်ပေးလိုက်ရတာပဲ ဖြစ်တယ်။ "လော့ဒ်ဒါလဟိုဇီ" က ဒီလိုနယ်ပယ်ထပ်ရခြင်းကြောင့် ဂုဏ်မောက်ပြီး ထပ်ကြွေးကြော်လိုက်တာက "တကယ်လို့ သူတို့ခေါင်းမာမာနဲ့ ကျုပ်တို့ကို ခုခံအန်တုနေမယ်ဆိုရင်တော့ ဗမာပြည်တစ်ပြည်လုံးကို သိမ်းယူဖို့လိုလာပြီး ဘုရင်နဲ့တကွ သူ့အမျိုးတွေပါ နှင်ထုတ်လို့ ဖျက်ဆီးပစ်ရမယ်" လို့ အတိအလင်း ပြောလာပါတယ်။

ဒီဒုတိယစစ်ပြီးခါစမှာ အထက်မြန်မာပြည် နေပြည်တော်အင်းဝမှာ နန်းတွင်းပုန်ကန်မှုကို မင်းတုန်းမြို့စားနဲ့ ကနောင်မြို့စားညီနောင်နှစ်ပါးက ဦးဆောင်ကာ ပုဂံမင်းဆီက ပုန်ကန်ထီးနန်းလုပြီး ၁၈၅၃ ခုမှာ 'မင်းတုန်းမင်း' နန်းတက်ပါတယ်။ (သူသေဏာနဲ့ သူ့ရဲ့သားတော်တွေ တထွေးကြီး သွေးမြေကျလို့ မင်းဆက်တုံးသွားရတယ်။) မင်းတုန်းမင်းလည်း ရှေ့က ဗမာဘုရင်လိုပဲ အင်္ဂလိပ်နယ်ချဲ့ကို သူနန်းတက်စမှာ ကြောက်ကြောက်နဲ့ အလျှော့ပေးပေါင်းလိုပုံရတယ်။ ၁၈၅၇ ခုမှာ အင်္ဂလိပ်ရေတပ်မှာ အိန္ဒိယသား သင်္ဘောသားတွေ အုံကြွမှု၊ ပုန်ကန်မှုဖြစ်လာတဲ့အခါ မင်းတုန်းမင်းက ပုန်ကန်သူ အိန္ဒိယလူမျိုးတွေဘက်က မပါတဲ့အပြင် ပုန်ကန်ခံရလို့ ဗြိတိသျှတွေအတွက် နစ်နာကြေးအဖြစ် ပေါင်စတာလင် ၁၀,၀၀၀ လှူဒါန်းခဲ့သေးတယ်။

mgyoe.com

မင်းတုန်းမင်းက ၁၈၇၈ ခု အောက်တိုဘာ ၁ ရက်နေ့မှာ သေဆုံးရတယ်။ သေခါနီးဆဲဆဲမှာ သူ့သားတော်မင်းသား ၈၆ ယောက်ကို မိဖုရားခေါင်ကြီးနဲ့ စုဖုရားလတ်နှစ်ယောက် ပေါင်းကြံပြီး ရိုက်သတ်ခဲ့မှု၊ နန်းတွင်းအစုလိုက် အပြုံလိုက်သတ်ပွဲ ဖြစ်ခဲ့တယ်။ (ညောင်ရမ်း ညောင်အုပ် မင်းသားတို့ လွတ်မြောက်သူပုန်ထပြီး အင်္ဂလိပ်လက်အောက်ခိုလှုံသွားကြ)။ ဒီလူသတ်ပွဲက နန်းတင်ပေးလိုက်လို့ ဘုမသိဘမသိနဲ့ နောက်ဆုံးဗမာဘုရင်သီပေါမင်းလက်ထက် သူ့မယားစုဖုရားလတ် တန်ခိုးထွားခဲ့တယ်။ တိုင်းပြည်ရဲ့ အခြေအနေက ဆိုးဝါးတာထက် အဆိုးဝါးဆုံးရောက်ကာ မဖြစ်နိုင်တဲ့ အနိဋ္ဌာရုံမှုန်သမှု ဖြစ်လာတော့တယ်။

တတိယအင်္ဂလိပ်ဗမာစစ်ကို အင်္ဂလိပ်က အလောသုံးဆယ်ဆင်နွှဲလိုက်ရတဲ့အကြောင်းရင်းက ဥရောပက သူနဲ့ပြိုင်ဘက်နယ်ချဲ့သမားပြင်သစ်တို့ပါ ဗမာပြည်ထဲ မန္တလေးရွှေနန်းတော်အထိ တိုးဝင်ဖို့ ကြံလာတာကြောင့်ပဲ ဖြစ်ပါတယ်။ ပြင်သစ်–ဗမာ သဘောတူစာချုပ်အရပြင်သစ်က တောင်ငူကနေ မန္တလေးအထိ ရထားလမ်းချဲ့ထွင်ဖောက်လုပ်ပေးတယ်။ ရေနွေးငွေ့ သင်္ဘောတွေ ဧရာဝတီအထက်သွားလာနိုင်ရေးအတွက် အထက်ဗမာပြည်ဆိပ်ကမ်းကြီး တည်ဆောက်ပေးဖို့ စီမံတယ်။ (ဒီစီမံကိန်းအတွက် ချေးငွေရဲ့ ၁၂% ကို ဗမာဘုရင်ကို ပေးတယ်။) ဗမာတွေရဲ့ စာတိုက်စနစ်ကို တည်ထောင်ပေးခဲ့တယ်။

တတိယအင်္ဂလိပ်မြန်မာစစ်ရဲ့ အဓိကအကြောင်းရင်းအချက်က ဘုံဘေဘားမား ကုန်သွယ်ရေးကော်ပိုရေးရှင်းက ကျွန်းသစ်တွေ ထုတ်ရာမှာ မူလစာချုပ်ကို ချိုးဖောက်ပြီး ဗမာပိုင်နက်ထဲထိ ခိုးထုတ်တဲ့အတွက် ဗမာမင်းက ဒဏ်ငွေတပ်ရိုက်တဲ့ ကိစ္စပါပဲ။ “ဂျင်နရယ် ပရင်းဒါးဂတ်စ်” ကို အိန္ဒိယဘုရင်ခံချုပ်က ၁၈၈၅ ခု၊ နိုဝင်ဘာ ၁၁ ရက်မှာ မန္တလေးကို ချက်ချင်း ချီတက်သိမ်းပိုက်ဖို့ အမိန့်ထုတ်ဆင့်လိုက်ပါတော့တယ်။

mgyoe.com

mgyoe.com

နိုဝင်ဘာ ၂၈ ရက်နေ့မှာ 'ပရင်းဒါးဂတ်စ်' မန္တလေးကို ဆိုက်ရောက်တယ်။ ရေလမ်းတစ်လျှောက် မင်းလှခံတပ်နဲ့ မြင်းခြံသပြေတန်း ၂ ခုသာ မအောင်မြင်တဲ့ ခုခံတိုက်ခိုက်မှု လုပ်နိုင်တဲ့ကြား ဗြိတိသျှတွေ မန္တလေးနေပြည်တော်ကို ရောက်လာပြီး သီပေါမင်း စုဖုရားလတ်မိဖုရားတို့ကို သူရိယသင်္ဘောနဲ့ အိန္ဒိယကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ အိန္ဒိယဘုံဘေကမ်းရိုးတန်းမှာရှိတဲ့ ရတနာဂီရိမှာ ခြေချုပ်နဲ့ထားပြီး အဲဒီမှာပဲ ၁၉၁၆ ခုမှာ သီပေါမင်းကွယ်လွန်သွားပြီး စုဖုရားလတ်က ရန်ကုန်ပြန်သွားရာက အင်္ဂလိပ်ပေးတဲ့ ပင်စင်ထောက်ပံ့မှုနဲ့ အေးအေးဆေးဆေးနေရင်း ၁၉၂၅ ခုမှာ ကွယ်လွန်သွားခဲ့တယ်။

လော့ဒ်ဒပ်ဖရင်က ၁၈၈၆ ခု ဇန်နဝါရီ ၁ ရက်မှာ ဗမာပြည်တစ်ခုလုံးကို အိန္ဒိယအင်ပိုင်ယာထဲ ပေါင်းဖြည့်ထည့်လိုက်တာ တွဲရေးခွဲရေးပေါ်လာတဲ့ ၁၉၃၇ ခုနှစ်ထိပါပဲ။ ပြင်သစ်ကောင်စစ်ဝန်က မန္တလေးနေပြည်တော်ကို ခန့်အပ်လွှာပေးအပ်ဖို့ သင်္ဘောနဲ့လာစဉ် သီပေါမင်းတို့ပင့်ဆောင်သွားတဲ့ သူရိယသင်္ဘောနဲ့အသွားနဲ့ အပြန်ဆုံးပြီး မန္တလေးနန်းတော် ဆိုက်ကပ်တော့ လူသူမရှိတော့တဲ့ နန်းတော်သာ သူတို့တွေ့ရတော့တယ်။ အရှင်သခင်မရှိတော့တဲ့ ဗမာစစ်သားတွေ တပ်မှူးတွေ မင်းညီမင်းသားတွေက သူပုန်တွေ ဓားပြတွေဘဝနဲ့ ကစဉ့်ကလျားဖြစ် ကျန်ရစ်တယ်။

၁၉၃၀ မတိုင်မီ ၂၀ ရာစုအစမှာတော့ အင်္ဂလိပ်ယဉ်ကျေးမှုနဲ့ ဗမာ့ယဉ်ကျေးမှုတို့အကြား ချိန်ညှိကြတဲ့ ကာလပဲဖြစ်ပါတယ်။ အင်္ဂလိပ်တွေ သိမ်းပိုက်ပြီးနောက် အနောက်တိုင်းယဉ်ကျေးမှုက ဗမာတွေရဲ့ ဘဝကို ထင်ထင်ရှားရှား ထိခိုက်စေခဲ့တယ်။ အမျိုးသားယဉ်ကျေးမှုဓာတ်သဘင်အနုပညာနဲ့ လက်မှုပညာတွေဟာ ကျော်ကြားလူကြိုက်များမှုတွေ ပျောက်ဆုံးသွားပြီး မန္တလေး တရားလွှတ်တော်ကြီးလည်း ယခင်က

mgyoe.com

mgyoe.com


ပိုးထည် လက်မှုပညာကော်ဇောထည်တွေ ရောင်းဝယ်ဖောက်ကားခဲ့ရာက ယခုတော့ ကျိုးနဲ့ဖုတ်ဖုတ် ဖြစ်သွားခဲ့ရပြီ။

၁၈၆၉ ခု စူးအက်တူးမြောင်းဖောက်လုပ်ဖွင့်လှစ်လိုက်ရာက ဆန်စပါးတွေ ဥရောပဈေးကွက်ထိရောက်သွားနိုင်တာမို့ ဗြိတိသျှနယ်ချဲ့တွေ ဗမာ့ဆန်ကြောင့် ချမ်းသာကြွယ်ဝသွားကြပြီး ပြည်တွင်းမှာ ရထားလမ်းမိုင် ၂၀၀၀ ကျော် ဖောက်လုပ် ဖြစ်ပါတယ်။ ဆန်စပါးတင်ပို့မှုက လက်ရှိ ၂၀ ရာစုအစမှာ နှစ်စဉ်ပျမ်းမျှတန်ချိန် ၃,၀၀၀,၀၀၀ (သိန်း ၃၀) ကျော်ပါတယ်။ ကျွန်းသစ်နဲ့ ရေနံတင်ပို့မှုလည်း တက်လာတယ်။ မန္တလေးမြောက်ပိုင်း ဘော်တွင်းသတ္တုတွင်းက ကမ္ဘာမှာ အကြီးစားဆုံး ငွေ၊ ခဲနဲ့ သွပ်တွေ ထုတ်လုပ်ရာ နေရာ ဖြစ်လာတယ်။ ကရင်နီနယ်နဲ့ တနင်္သာရီကလည်း တင်စတန်တွေ ထွက်တယ်။ ဘာတွေ ဘယ်လောက်ထွက်ထွက် ဗမာတွေ မပျော်နိုင်ကြတာက ဒီသယံဇာတကြွယ်ဝမှု အကျိုးကို ဘာမှ မခံစားကြရလို့ပါပဲ။ စီးပွားရေးတိုးတက်မှုကို ဘေးကနေရပ်ပြီး ငေးမောနေရုံမျှပါပဲ။ တချို့တွေက "တိုးတက်ကြွယ်ဝမှု" လို့ ခေါ်တာဟာ ကျွန်ဘဝရောက်နေရသူတွေအတွက်တော့ ကိုယ့်တိုင်းပြည်မှာ ဘေးကရပ်ကြည့်နေရတဲ့ ဖောင်စီးရင်း ရေငတ်သူတွေလိုပါပဲ။

ဗြိတိသျှရဲ့ ဆန်စက်တွေ၊ ရော်ဘာစိုက်ခင်းတွေ မြစ်ကြောင်းသင်္ဘောတွေ၊ သတ္တုတွင်း ရထားဖောက်လုပ်ရေးတွေမှာ ဗမာလုပ်သားရယ်လို့ မတွေ့ရပါဘူး။ ဗမာတွေက ကိုယ့်ရေမြေပေါ်မှာ မြေယာမဲ့သူစိမ်းတွေ ဖြစ်နေကြပါပြီ။

❒

mgyoe.com

mgyoe.com

# အခန်း (၆)
# ဗုဒ္ဓဘာသာ-မဟာငြိမ်းချမ်းရေး

*"ဗုဒ္ဓဘာသာဝင်တွေရဲ့ ပန်းတိုင်ကတော့ ဘာမှလိုချင်စိတ် မရှိရေးဘဲ ဖြစ်ပါတယ်"*

**လင်ယုတန်**

ဗမာတွေရဲ့ ဘာသာရေးကို မူလတည်ထောင်ခဲ့သူ ဂေါတမမြတ်စွာဘုရားဟာ ဘီစီ ၅ ရာစုခန့်က အိန္ဒိယမှာ မင်းသားတစ်ပါးအဖြစ် ငယ်စဉ်လူပျိုးလူငယ်ဘဝမှာ အများသူငါ မင်းညီမင်းသားတွေလို အမဲလိုက်၊ နပန်းလုံး ကာယလေ့ကျင့်ခန်းတွေနဲ့ စစ်ရေးစစ်ရာတွေ သင်ရ ဖိမ်ကျကျနေရပေမယ့် ၂၉ နှစ်မှာ "လူအို၊ လူနာ၊ လူသေ၊ ရဟန်း" ဆိုတဲ့ မမြင်ဖူးတဲ့ တကယ့်အရှိတရားတွေ နဖူးတွေ ဒူးတွေ့ တွေ့ရတော့မှ သတိတရားရပြီး လောကီပုထုဇဉ်တို့ရဲ့ သံသရာကို ရွံရှာကြောက်မိလို့ ညဘက်ကြင်ယာတော်နဲ့ တစ်ဦးတည်း မွေးကင်းစသားလေးကို စွန့်ခွာတောထွက်လို့ ဆံကေသာကို ဖြတ်တောက်ပယ်ကာ တရားရှာပုံတော်

mgyoe.com

mgyoe.com


ထွက်ခဲ့တယ်။ တရားရှာခါစ ခြိုးခြံတဲ့အကျင့်ကို တရားလွန် တစ်ဖက် စွန်းရောက်အောင် ကျင့်မိလို့ ကျောနဲ့ဝမ်းဗိုက်အရေပြားချင်းကပ်မိတဲ့အထိ အရိုးပြိုင်းပြိုင်းပေါ်ခဲ့တယ်။ ၆ နှစ်တိတိ ကျင့်ပြီးပေမယ့်၊ ဘာတရားထူးမှ လည်း မရ၊ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ညှင်းပန်းရာသာ ကျနေတာမို့ လမ်းလွဲနေမှန်း နားလည်သွားပြီး လမ်းမှန်ဖြစ်တဲ့ အလယ်အလတ် လမ်းစဉ်ကို ပြောင်းလိုက်တော့ ကျင့်ဖော်ကျင့်ဘက်တွေအားလုံး သူ့ကို စွန့်ခွာ ကျောခိုင်းသွားကြတော့တယ်။

အလယ်အလတ်လမ်းစဉ်နဲ့အတူ တရားထူးရ ဘုရားဖြစ်သွားတဲ့ ဗုဒ္ဓဟာ ဘုရားအဖြစ် ၄၅ နှစ်ကျော်ကြာအောင် တရားဟောကြားတော်မူ ခဲ့တယ်။ သူ့တရားတွေက မဂ္ဂင်ရှစ်ပါးခေါ် မှန်ကန်တဲ့ ယုံကြည်မှု၊ မှန်ကန် တဲ့ စဉ်းစားကြံဆမှု မှန်ကန်တဲ့ ပြောဆိုမှု၊ မှန်ကန်တဲ့ လုပ်ရပ်၊ မှန်ကန် တဲ့ အသက်မွေးမှု၊ မှန်ကန်တဲ့ အားထုတ်မှုလုံ့လ၊ မှန်ကန်တဲ့ အတွေး အခေါ်အမြင်နဲ့ မှန်ကန်တဲ့ သတိရှိရှိ တည်ကြည်မှုတို့ပဲ ဖြစ်ပါတယ်။

အနောက်တိုင်းသားတွေက ဗုဒ္ဓတရားကို "လူ့" အဖြစ်ကို မလုံ လောက်သေးဘူးလို့ ငြင်းပယ်ကန့်ကွက်တဲ့ ကိုယ်ကျင့်စာရိတ္တတရားမို့ ဖြူစင်လွန်း၊ အရာရာကို အဆိုးမြင်တဲ့ နည်းလမ်းတစ်ခုနဲ့ သွားနေတဲ့ အတွက် "အဆင့်ဆင့်ခြေလှမ်းတွေ တက်သွားလိုက်တာ ဘယ်ကိုမှန်း မသိ ဦးတည်နေတယ်" လို့ ပြောကြတယ်။ (တကယ်တော့ ပုထုဇဉ် ဘဝနဲ့ အရိယာအဖြစ်ကို မကွဲသေးတာနဲ့ တဏှာကင်းတဲ့ နိဗ္ဗာန်ကို မှန်းဆရတာပါပဲ။ ဖယောင်းတိုင်က ငြိမ်းသေသွားတဲ့ မီးတောက်ကလေး ဘယ်ရောက်သွားပါလိမ့်လို့ လိုက်နေသလိုပါပဲ။ ။)

ဗုဒ္ဓဘာသာအရ ဘဝကို လက်တွေ့ဒိဋ္ဌကျကျ ကြည့်မြင်သုံးသပ် ကြရတယ်။ အနောက်တိုင်းက အဖျားတက်နေကြတဲ့ လူတွေနဲ့တော့ တခြားစီ ဆန့်ကျင်နေတယ်။ ဒီဗုဒ္ဓဘာသာဗမာ လူမျိုးတွေက စိုးရိမ်

mgyoe.com